ကြေးမုံ
The Mirror
၁၃၆၆ ခုနှစ်၊ တပေါင်းလဆန်း ၁၄ ရက်၊ ဗုဒ္ဓဟူးနေ့၊ (23-3-2005) (၄၅၄၆)

နိုင်ငံတော် အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ပါကစ္စတန် အစ္စလာမ်မစ်သမ္မတနိုင်ငံ အမျိုးသားနေ့ သဝဏ်လွှာပေးပို့

ရန်ကုန်　　မတ်　　၂၃

၂၀၀၅ခုနှစ် မတ် ၂၃ရက်တွင် ကျရောက်သော ပါကစ္စတန် အစ္စလာမ်မစ်သမ္မတနိုင်ငံ၏ နှစ်ပတ်လည်အမျိုးသားနေ့ အခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေထံမှ ပါကစ္စတန် အစ္စလာမ်မစ်သမ္မတနိုင်ငံ သမ္မတ ဗိုလ်ချုပ်ကြီး ပါဗက်ဇ် မူရှာရက်ဖ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့သည်။

(သတင်းစဉ်)

နိုင်ငံတော်နှင့် နိုင်ငံသားတို့ကို ကာကွယ်စောင့်ရှောက်

တပ်မတော်ဆိုတာ နိုင်ငံတော်နဲ့ နိုင်ငံသားတို့ကို ကာကွယ်စောင့်ရှောက်ဖို့ ဖွဲ့စည်းထားတာဖြစ်တယ်။ ဒါကြောင့် နိုင်ငံတော်ရဲ့ မြေထု၊ ရေထု၊ လေထု ပိုင်နက်နယ်နိမိတ်ကို ကာကွယ်စောင့်ရှောက်ရမယ်၊ နိုင်ငံတော်ရဲ့ အချုပ်အခြာအာဏာကို ကာကွယ်စောင့်ရှောက်ရမယ်။ နိုင်ငံတော်ရဲ့ အမျိုးသားအကျိုးစီးပွား မှန်သမျှကို ကာကွယ်စောင့်ရှောက်ရမယ်၊ နိုင်ငံသားတို့ရဲ့ အသက်အိုးအိမ်စည်းစိမ်ကို လုံခြုံအောင် ကာကွယ်စောင့်ရှောက်ကြရမယ်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ
တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ
စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း
အမှတ်စဉ်(၄၆) သင်တန်းဆင်းပွဲမိန့်ခွန်းမှ-

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး နှစ်(၆၀)ပြည့် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားၣ် ပါဝင်စစ်ရေးပြကြမည့် စစ်ရေးပြစစ်ကြောင်းများ ဝတ်စုံပြည့် စစ်ရေးပြလေ့ကျင့်မှုကို ကြည့်ရှုစစ်ဆေး

ရန်ကုန်　　မတ်　　၂၂

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် ယနေ့နံနက်ပိုင်းတွင် နှစ်(၆၀)ပြည့် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားၣ် ပါဝင်စစ်ရေးပြကြမည့် စစ်ရေးပြစစ်ကြောင်းများ တော်လှန်ရေးပန်းခြံအတွင်း ဝတ်စုံပြည့် စစ်ရေးပြလေ့ကျင့်မှုများကို ကြည့်ရှုစစ်ဆေးသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊

စာမျက်နှာ ၃ ကော်လံ ၁ သို့ ★

ကြည့်ရှုစစ်ဆေး

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး နှစ်(၆၀) ပြည့် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားၣ် ပါဝင်စစ်ရေးပြကြမည့် စစ်ရေးပြစစ်ကြောင်းများ ဝတ်စုံပြည့် စစ်ရေးပြလေ့ကျင့်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ
The Mirror

၂၃-၃-၂၀၀၅
(ဗုဒ္ဓဟူးနေ့)

စပါးနှင့် အခြားသီးနှံများ တိုးချဲ့စိုက်ပျိုး တစ်ဧကအထွက်နှုန်းတိုးရေး ဆက်လက်ကြိုးပမ်း

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကို အခြေပြုသော နိုင်ငံဖြစ်သည်နှင့်အညီ လယ်ယာစိုက်ပျိုးရေးကဏ္ဍကို အခြေခံကျကျ မြှင့်တင်နိုင်မှသာ အမျိုးသားစီးပွားရေးဘဝ တိုးတက်ဖြစ်ထွန်းမှုကို အကျိုးပြုနိုင်မည့်အပြင် ပြည်သူများ စားနပ်ရိက္ခာ ပြည့်စုံဖူလုံရေးအတွက်လည်း ထိရောက်စွာ ထောက်ကူပေးနိုင်မည်ဖြစ်သည်။

ထို့ကြောင့် နိုင်ငံတော်အစိုးရက စိုက်ပျိုးရေးကဏ္ဍ တိုးတက်ဖြစ်ထွန်းရေးကို အမျိုးသားရေးဦးတည်ချက်တစ်ရပ်အဖြစ် သတ်မှတ်ပြီး အကောင်အထည်ဖော်ကြိုးပမ်းလျက်ရှိသည်။ ရေ၊ မြေအခြေအနေပေးသည့် နေရာဒေသတိုင်းတွင် ဆည်တမံ တည်ဆောက်ရေးလုပ်ငန်းများ၊ သီးနှံစိုက်ဧကများ မြှင့်တင်ပေးနိုင်မည့် အစီအမံများ၊ ခေတ်မီစိုက်ပျိုးရေး အတတ်ပညာများဖြင့် အားပေးကူညီဖြည့်ဆည်းပေးလျက်ရှိသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် အဖွဲ့ဝင်များလိုက်ပါလျက် မတ်လ ၁၈ ရက်နေ့က လားရှိုးမြို့ ခရီးစဉ်အတွင်း လားရှိုးမြို့နယ်ရှိ ဆင်းရွှေလီအထူးအထွက်တိုး စပ်မျိုးစပါး သုတေသနစိုက်ခင်း၊ ဆင်းရွှေလီအထူးအထွက်တိုးစိုက်ခင်းများနှင့် ကောက်ကွေ့ချောင်း ရေလှောင်တမံ စီမံကိန်းတို့သို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် လယ်ယာကဏ္ဍကုန်ထုတ်လုပ်မှုတိုးတက်ရေးဆိုင်ရာများကို မှာကြားသွားသည်။

ရှမ်းပြည်နယ်(မြောက်ပိုင်း)၌ ဒေသဆန်ဖူလုံရေးအတွက် ဒေသဆိုင်ရာအဖွဲ့အစည်းများနှင့် တောင်သူလယ်သမားများက နည်းလမ်းအသွယ်သွယ်ဖြင့် ကြိုးပမ်းစိုက်ပျိုးထုတ်လုပ်လျက်ရှိရာ ၂၀၀၄-၂၀၀၅ခုနှစ်တွင် ဒေသဆန်ဖူလုံမှု ၁၀၃ ရာခိုင်နှုန်းအထိ ရရှိခဲ့ကြောင်းသိရသည်။

စိုက်ပျိုးရေးဆိုင်ရာ သုတေသနပြုမှုများနှင့်အညီ စပါးတစ်ဧကတင်း ၂၀၀ အဆင့်မြင့် စံပြစိုက်ကွက်များကို ၂၀၀၃-၂၀၀၄ နွေစပါးစိုက်ပျိုးရာသီမှစတင်၍ မူဆယ်၊နမ့်ခမ်းမြို့နယ်များ၌ ဆောင်ရွက်ခဲ့ရာ အောင်မြင်မှုများရရှိခဲ့သည်။ အချို့ကျေးရွာများရှိ လယ်မြေများတွင် တစ်ဧကပျမ်းမျှ ၂၂၂ တင်းအထိ အမြင့်ဆုံးထွက်ရှိခဲ့ကြောင်း သိရသည်။

ထို့ကြောင့် အထွက်တိုးစပါးမျိုးများကို ၂၀၀၄-၂၀၀၅ မိုးစပါးစိုက်ပျိုးရာသီတွင် ပြည်နယ်တစ်ခုလုံး၌ ဆက်လက် တိုးချဲ့ စိုက်ပျိုးလာခဲ့ရာ ဧက ၁၃၈၀ အထိ စိုက်ပျိုးလာနိုင်ခဲ့သည်။ ယခုနှစ် နွေစပါးစိုက်ပျိုးရာသီတွင် တစ်ဧကတင်း ၂၀၀အဆင့်မြင့်စံပြစိုက်ကွက် ဧက ၉၂၀ စိုက်ပျိုးလျက်ရှိသည်။

ယခုအခါ လားရှိုးတစ်ခရိုင်လုံး စပါးတစ်ဧကတင်း ၂၀၀ ထွက်ရှိရေး ရည်မှန်းဆောင်ရွက်လျက်ရှိသည်။ ဒေသခံ တောင်သူလယ်သမားများက အထူးအထွက်တိုးစပါးမျိုးများကိုသာမက ဆင်းရွှေလီ၊ နေကြာမျိုးသန့် စိုက်ခင်းများကိုလည်း ကြိုးပမ်းစိုက်ပျိုးလျက်ရှိသည်။

ဒေသဖွံ့ဖြိုးရေးအကျိုးပြု ကောက်ကွေ့ချောင်းရေလှောင်တမံ စီမံကိန်းကို လားရှိုးမြို့နယ် မန်ဆူကျေးရွာအနီးကောက်ကွေ့ချောင်းပေါ်၌ တည်ဆောက်လျက်ရှိသည်။ ကောက်ကွေ့ချောင်းရေလှောင်တမံကို အလျားပေ ၁၀၈၀၊ အမြင့် ၁၁၆ ပေရှိ မြေသားတမံအမျိုးအစားဖြင့် တည်ဆောက်သွားမည်ဖြစ်သည်။

ကောက်ကွေ့ချောင်းရေလှောင်တမံ တည်ဆောက်ခြင်းဖြင့် ဟူးမွန်ရေလှောင်တမံသို့ ရေကူပေးနိုင်မည်ဖြစ်ရာ ဟူးမွန်ရေသောက်ဧရိယာဧက ရှစ်ရာကျော်အတွက် မိုးစပါး၊ နွေစပါး ရာသီမရွေးစိုက်ပျိုးနိုင်ရန် အထောက်အကူပြု မည်ဖြစ်သည်။

ထို့အပြင် ကောက်ကွေ့ချောင်း ရေလှောင်တမံမှ လားရှိုးမြို့ သောက်သုံးရေပိုမိုရရှိရေးနှင့် လျှပ်စစ်ဓာတ်အားထုတ်ယူ ရရှိရေးတို့အတွက် အကျိုးပြုလုပ်ကိုင်နိုင်မည်ဖြစ်ကြောင်း သိရသည်။

သို့ဖြစ်ရာ နိုင်ငံတော်က ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် လယ်ယာကဏ္ဍကုန်ထုတ်လုပ်မှု တိုးတက်ရေးတို့အတွက် အဘက်ဘက်က အားပေးကူညီဖြည့်ဆည်းပေးမှုများနှင့်အညီ ဒေသဆိုင်ရာ အဖွဲ့အစည်းများနှင့် တောင်သူလယ်သမားများက စပါးသာမက အခြားသီးနှံများကိုပါ တိုးချဲ့စိုက်ပျိုးရေး၊ သီးနှံအလိုက်တစ်ဧကအထွက်နှုန်းတိုးရေးတို့အတွက် အားသွန်ခွန်စိုက်ကြိုးပမ်းဆောင်ရွက်သွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နှစ်(၆၀)ပြည့် တပ်မတော်နေ့ ဦးတည်ချက်

၁။ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီး ပေါ်ထွန်းလာရေးအတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရန် ပြည်သူတို့နှင့်အတူတကွ လက်တွဲပူးပေါင်း ပါဝင်ဆောင်ရွက်ရေး။
၂။ ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်(၅)ရပ်ကို အင်တိုက်အားတိုက် ကြိုးပမ်းဆောင်ရွက်ရေး။
၃။ ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားပြီး နိုင်ငံတော်၏ ဦးတည်ချက်(၁၂)ရပ်ကို ပြည်သူလူထုနှင့်အတူ လက်တွဲ ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်ရေး။
၄။ အင်အားတောင့်တင်း၍ စွမ်းရည်ထက်မြက်သော ခေတ်မီတပ်မတော် တည်ဆောက်ရေး။

အမှာစကားပြောကြား

ပြန်ကြားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် အောင်သိန်း ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်းက ကြီးမှူးဖွင့်လှစ်သည့်ပုံနှိပ်အတတ်ပညာသင်တန်း အမှတ်စဉ် (၁/၂၀၀၅) ဆင်းပွဲ အခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။

(သတင်းစဉ်)

ပုံနှိပ်အတတ်ပညာသင်တန်းဆင်းပွဲ ကျင်းပ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း တက်ရောက်

ရန်ကုန် မတ် ၂၂

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်းက ကြီးမှူးဖွင့်လှစ်သည့် ပုံနှိပ်အတတ်ပညာသင်တန်း အမှတ်စဉ်(၁/၂၀၀၅)ဆင်းပွဲ အခမ်းအနားကို ယမန်နေ့နံနက် ၉ နာရီတွင် အင်းစိန်မြို့နယ် အောင်ဆန်းရှိ ဂျီတီစီပုံနှိပ်စက်ရုံသင်တန်းခန်းမ၌ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်မှူးချုပ်အောင်သိန်း တက်ရောက်၍ သင်တန်းဆင်းအမှာစကားပြောကြားပြီး ဆုများချီးမြှင့်သည်။

သင်တန်းဆင်းပွဲ အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာ အကြီးအကဲများနှင့်တာဝန်ရှိပုဂ္ဂိုလ်များ၊ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေး လုပ်ငန်းမှ တာဝန်ရှိသူများ၊ သင်တန်းနည်းပြများနှင့်သင်တန်းသား၊သင်တန်းသူများ တက်ရောက်ကြသည်။

တိုက်တွန်း

ရှေးဦးစွာ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်းက သင်တန်းဆင်းအမှာစကား ပြောကြားရာတွင် ယနေ့ခေတ်သည် ပညာခေတ် ဖြစ်သည်နှင့်အညီ နိုင်ငံတော်အနေဖြင့်နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်ရေးအတွက် နည်းပညာရပ်များ ဖွံ့ဖြိုးတိုးတက်အောင် ဘက်ပေါင်းစုံမှ ဖြည့်ဆည်းဆောင်ရွက်လျက်ရှိကြောင်း၊ ပညာလိုလားသူများ စဉ်ဆက်မပြတ် ပညာဆည်းပူးနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ရာတွင် ပုံနှိပ်လုပ်ငန်းသည် အဓိကပံ့ပိုးပေးရသည့်အခန်းကဏ္ဍတွင် တည်ရှိနေကြောင်း၊ ထို့ကြောင့် ပုံနှိပ်အတတ်ပညာရှင်များ၊မျိုးဆက်သစ်များ မွေးထုတ်ပေးနိုင်ရေးအတွက် ဤသင်တန်းကို ဖွင့်လှစ်ခြင်းဖြစ်ကြောင်း၊ ဝန်ကြီးဌာနနှင့်အဖွဲ့အစည်းအသီးသီးမှ သင်တန်းတက်ရောက်ခဲ့သည့်သင်တန်းသားများအနေဖြင့်သင်တန်းမှသင်ကြားပေးလိုက်သည့် ပုံနှိပ်အတတ်ပညာများကို အခြေခံ၍ လုပ်ငန်းခွင်တွင် အောင်မြင်ဖြစ်ထွန်းအောင် ကြိုးပမ်းဆောင်ရွက်သွားကြရန် ဖြစ်ကြောင်း၊ အလားတူ အချိန်နှင့် တစ်ပြေးညီ ပြောင်းလဲ တိုးတက်ဖြစ်ထွန်းနေသည့် ပညာရပ်များကိုလည်း မျက်ခြည်မပြတ် ဆက်လက်ဆည်းပူး ကြိုးစားဆောင်ရွက်သွားကြရန် တိုက်တွန်း မှာကြားလိုကြောင်း စသည်ဖြင့် ပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်းက သင်တန်းတွင် ထူးချွန်ဆုရရှိသူများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း ခေတ္တဦးဆောင်ညွှန်ကြားရေးမှူး ဒေါ်မြမြက သင်တန်းဆင်းလက်မှတ်များကို သင်တန်းသားခေါင်းဆောင်အား ပေးအပ်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အဆိုပါ ပုံနှိပ်အတတ်ပညာသင်တန်း အမှတ်စဉ်(၁/၂၀၀၅)သို့ ကာကွယ်ရေးဝန်ကြီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာန၊ သာသနာရေးဝန်ကြီးဌာန၊ သမဝါယမဝန်ကြီးဌာန၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနှင့် မြန်မာနိုင်ငံကြက်ခြေနီအသင်းတို့မှ သင်တန်းသား၊ သင်တန်းသူ ၃၅ ဦး တက်ရောက်ခဲ့ပြီး သင်တန်းကာလမှာ ရက်သတ္တခြောက်ပတ် ကြာမြင့်ခဲ့သည်။

(သတင်းစဉ်)

မဟာစည်တရားပွဲ

ရန်ကုန် မတ် ၂၂

ပဲခူးတိုင်း ရွှေတောင်မြို့ မဟာစည်သြဝါဒခံ မဟာစည်သာသနာ့ရိပ်သာ၌ ၁၃၆၆ ခုနှစ် တပေါင်းလပြည့်ကျော် ၅ရက်မှ ၁၅ ရက်အထိ တရားစခန်းပွဲကို ပဲခူးမြို့နယ် ဘုရားကလေး စံပြကျေးရွာ အေးစေတီကျောင်းတိုက် ပဓာနနာယက ကမ္မဋ္ဌာနာစရိယ နယ်လှည့်ဓမ္မကထိက ဘဒ္ဒန္တ ဇဝနဆရာတော်က နိဗ္ဗာန်ရောက်ကြောင်းတရားတော်များ ဟောကြားမည်ဖြစ်သည်။

(က-ပ)

မြေတိုင်းနှင့် မြေစာရင်း သင်တန်းဆင်းပွဲကျင်းပ

ရန်ကုန် မတ် ၂၂

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန တန်းမြင့်မြေတိုင်းပညာသင်တန်းအမှတ်စဉ်(၇)သင်တန်းသား ၈ ဦးနှင့် လုပ်ငန်းခွင် မြေတိုင်းတာခြင်းနှင့် မြေစာရင်းသင်တန်း အမှတ်စဉ်(၁၄) သင်တန်းသား ၁၅၉ ဦးတို့ သင်တန်းဆင်းပွဲကို ယမန်နေ့နံနက် ၁၀နာရီတွင်တိုက်ကြီးမြို့ဗဟိုမြေစာရင်းနှင့် ဖွံ့ဖြိုးမှုလေ့ကျင့်ပညာပေးရေးသင်တန်းကျောင်း၌ ကျင်းပရာ ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းကြည် တက်ရောက်၍သင်တန်းဆင်း အမှာစကားပြောကြားသည်။

သင်တန်းတွင် ထူးချွန်ကျောင်းသားများအား ညွှန်ကြားရေးမှူးချုပ်က ဆုချီးမြှင့်ပြီး သင်တန်းဆင်း အောင်လက်မှတ်များကို ကျောင်းအုပ်ကြီး ဦးမြင့်ဦးက ပေးအပ်ကာ အဆိုပါ သင်တန်းဆင်းပွဲသို့ ညွှန်ကြားရေးမှူး ဦးရွှေသိန်း၊ ဦးမြင့်ဆွေနှင့် တိုင်းမြေစာရင်းဦးစီးမှူး ဦးကျင်ထွန်းတို့လည်း တက်ရောက်ကြသည်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး နှစ်(၆၀)ပြည့် တပ်မတော်နေ့စစ်ရေးပြ အခမ်းအနား၌ ပါဝင်စစ်ရေးပြကြမည့် စစ်ရေးပြစစ်ကြောင်းများ ဝတ်စုံပြည့် စစ်ရေးပြ လေ့ကျင့်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

★ **ရွှေဖုံးမှ**

စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး၊ နှစ်(၆၀)ပြည့် တပ်မတော်နေ့ ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ၊ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းနှင့် ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး တင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီး စိုးသိန်း၊ ကာကွယ်ရေး ဦးစီးချုပ်(လေ) ဒုတိယ ဗိုလ်ချုပ်ကြီး မြတ်ဟိန်း၊ နှစ်(၆၀)ပြည့်တပ်မတော်နေ့ ကျင်းပရေး စီမံခန့်ခွဲရေး ကော်မတီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ အစိုးရအဖွဲ့-အဖွဲ့ဝင်ဝန်ကြီးများ၊ရန်ကုန်မြို့တော်ဝန်၊ဒုတိယဝန်ကြီးများနှင့် တပ်မတော်အရာရှိကြီးများ လိုက်ပါလျက်နံနက် ၆နာရီတွင် နှစ်(၆၀)ပြည့် တပ်မတော်နေ့စစ်ရေးပြ အခမ်းအနား ကျင်းပမည့် တော်လှန်ရေးပန်းခြံသို့ ရောက်ရှိလာသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးသည် အဖွဲ့ဝင်များနှင့်အတူ မြို့မကွင်းမှ တော်လှန်ရေးပန်းခြံအတွင်းသို့ ချီတက်ရောက်ရှိလာကြသော စစ်ရေးပြမှူးကြီး ဗိုလ်မှူးချုပ် ညီထွန်း ဦးဆောင်၍ စစ်ကြောင်းမှူး ဗိုလ်မှူးကြီးအောင်ကျော်ဦး ဦးဆောင်သည့် အနော်ရထာ စစ်ကြောင်း၊ စစ်ကြောင်းမှူး ဗိုလ်မှူးကြီး သာအောင် ဦးဆောင်သည့် ကျန်စစ်သား စစ်ကြောင်း၊ စစ်ကြောင်းမှူး ဗိုလ်မှူးကြီး အောင်ကျော်ဦး ဦးဆောင်သည့် ဘုရင့်နောင်စစ်ကြောင်း၊ စစ်ကြောင်းမှူး ဗိုလ်မှူးကြီး အောင်ဇော်ဝင်း ဦးဆောင်သည့် နဝဒေး စစ်ကြောင်း၊ စစ်ကြောင်းမှူး ဗိုလ်မှူးကြီး မျိုးဝင်း ဦးဆောင်သည့် အောင်ဇေယျ စစ်ကြောင်း၊ စစ်ကြောင်းမှူး ဗိုလ်မှူးကြီး ခင်အောင်မြင့် ဦးဆောင်သည့်ဆင်ဖြူရှင် စစ်ကြောင်း၊ စစ်ကြောင်းမှူး ဗိုလ်မှူးကြီး ခင်မောင်ဦး ဦးဆောင်သည့် ဗန္ဓုလ စစ်ကြောင်း၊ စစ်ကြောင်းမှူး ဗိုလ်မှူးကြီး ဝင်းဇော် ဦးဆောင်သည့် မြဝတီ စစ်ကြောင်း၊ စစ်ကြောင်းမှူး ဗိုလ်မှူးကြီး သိန်းဇော် ဦးဆောင်သည့် အောင်ဆန်း စစ်ကြောင်းတို့မှ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့နှင့် ကြက်ခြေနီတပ်ဖွဲ့ဝင်များ၏ ဝတ်စုံပြည့် စစ်ရေးပြ လေ့ကျင့်မှုများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားကာ နံနက် ၈ နာရီ ၁၅မိနစ်တွင် တော်လှန်ရေးပန်းခြံမှ ပြန်လည်ထွက်ခွာသွားသည်။

စစ်သမိုင်းပြတိုက်

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေး ဦးစီးချုပ်(ကြည်း) ဒုတိယ ဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် ရန်ကုန်မြို့ ရွှေတိဂုံဘုရားလမ်းရှိ တပ်မတော် စစ်သမိုင်းပြတိုက်သို့ ရောက်ရှိကြရာ နှစ်(၆၀)ပြည့် တပ်မတော်နေ့ပြပွဲ ခင်းကျင်းပြသရေး ကော်မတီဝင်များက ကြိုဆိုကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့် အဖွဲ့ဝင်များသည် ၂၀၀၅ ခုနှစ် နှစ်(၆၀)ပြည့် တပ်မတော်နေ့ အထိမ်းအမှတ်အဖြစ် ခင်းကျင်းပြသမည့် နိုင်ငံတော်ဦးတည်ချက်(၁၂)ရပ် ပြခန်းကို ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့်အဖွဲ့ဝင်များသည် ဝန်ကြီးဌာနပြခန်းများ၊ ကာကွယ်ရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးရုံးပြခန်းများ၊ တိုင်းစစ်ဌာနချုပ် ပြခန်းများ၊ တပ်မတော်(ရေ)ပြခန်းနှင့် တပ်မတော်(လေ)ပြခန်းတို့ကို ကြည့်ရှုစစ်ဆေးကြပြီး လိုအပ်သည်များကို သက်ဆိုင်ရာတာဝန်ရှိသူများအား မှာကြားသည်။

တပ်မတော်ခန်းမ

ထို့မှတစ်ဆင့် ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့် အဖွဲ့ဝင်များသည် ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမသို့ ရောက်ရှိကြရာ နှစ်(၆၀)ပြည့် တပ်မတော်နေ့ အထိမ်းအမှတ် စာပေ အနုပညာပြိုင်ပွဲ ကျင်းပရေးကော်မတီနှင့် လုပ်ငန်းကော်မတီဝင်များက ကြိုဆိုကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့် အဖွဲ့ဝင်များသည် နှစ်(၆၀)ပြည့် တပ်မတော်နေ့ အထိမ်းအမှတ်အဖြစ် ခင်းကျင်းပြသမည့် နှစ်(၆၀)ပြည့် တပ်မတော်နေ့ စာပေ အနုပညာပြိုင်ပွဲပြပွဲ ပြခန်းများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို သက်ဆိုင်ရာ တာဝန်ရှိသူများအား မှာကြားကာ တပ်မတော်ခန်းမမှ နံနက်ပိုင်းတွင် ပြန်လည်ထွက်ခွာသွားသည်။ (သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး တပ်မတော်စစ်သမိုင်းပြတိုက်တွင် ပြသမည့် နှစ်(၆၀)ပြည့် တပ်မတော်နေ့ အထိမ်းအမှတ်ပြခန်းများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

လှော်ကားဥယျာဉ် တပေါင်းလပြည့်နေ့ဖွင့်မည်

ရန်ကုန် မတ် ၂၂

ပြည်သူများ ပျော်ရွှင်စွာ အပန်းဖြေအနားယူလေ့လာနိုင်ရန် သစ်တောဦးစီးဌာန လှော်ကားဥယျာဉ်ကို မတ် ၂၄ရက်(တပေါင်းလပြည့်နေ့)တွင် နံနက် ၈နာရီမှ ညနေ ၅နာရီအထိ ဖွင့်လှစ်ထားမည်ဖြစ်သည်။ (သတင်းစဉ်)

မြန်မာနိုင်ငံဆရာဝန်အသင်း တပေါင်းလဂေါက်ရိုက်ပြိုင်ပွဲကျင်းပမည်

ရန်ကုန် မတ် ၂၂

မြန်မာနိုင်ငံဆရာဝန်အသင်း ဂေါက်ရိုက်အဖွဲ့၏ လစဉ်ကျင်းပမြဲဖြစ်သော ဂေါက်ရိုက်ပြိုင်ပွဲအတွက် နှစ်ဦးအတွဲ တပေါင်းလ ဂေါက်ရိုက်ပြိုင်ပွဲကို မတ် ၂၇ရက် နံနက် ၅နာရီခွဲတွင် မြန်မာနိုင်ငံဂေါက်ကွင်း ကိုးမိုင်၌ကျင်းပမည်ဖြစ်ရာ အသင်းဝင်ဆရာဝန်များ ဝင်ရောက်ယှဉ်ပြိုင်နိုင်သည်။ (သတင်းစဉ်)

နှစ်(၆၀)ပြည့် တပ်မတော်နေ့ပြပွဲ

တပ်မတော်စစ်သမိုင်းပြတိုက်

(ရွှေတိဂုံဘုရားလမ်း)

(၂၆-၃-၂၀၀၅ မှ ၄-၄-၂၀၀၅)

မည်သူမဆို အခမဲ့ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ပါသည်။

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း မြန်မာ့မီးရထားမှ တည်ဆောက်မည့် ကျောက်ရေတွင်း ခုံးကျော်တံတား ပန္နက်ရိုက်မင်္ဂလာအခမ်းအနားသို့ တက်ရောက်ကြည့်ရှုအားပေးစဉ်။ (ရထား)

ကျောက်ရေတွင်း ခုံးကျော်တံတား ပန္နက်ရိုက်မင်္ဂလာအခမ်းအနား ကျင်းပ

ရန်ကုန် မတ် ၂၂

ရထားပို့ဆောင်ရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းသည် ဒုတိယဝန်ကြီးများဖြစ်ကြသည့် သူရဦးသောင်းလွင်နှင့် ဦးဖေသန်းတို့ လိုက်ပါလျက် မတ် ၂၀ရက် နံနက်ပိုင်းတွင် ရန်ကုန်မြောက်ပိုင်းခရိုင် မြောက်ဥက္ကလာပမြို့နယ်ရှိ ကျောက်ရေတွင်း ဘူတာရထားလမ်းနှင့် လေဆိပ် လမ်းမကြီး ဆုံရာ ရထားလမ်းကူး၌ မြန်မာ့မီးရထားက တည်ဆောက်မည့် ကျောက်ရေတွင်း ခုံးကျော်တံတား ပန္နက်ရိုက် မင်္ဂလာအခမ်းအနားသို့ ရောက်ရှိလာရာ မြန်မာ့မီးရထား ဦးဆောင်ညွှန်ကြားရေးမှူး ဦးမင်းဆွေနှင့် ဌာနအကြီးအကဲများ၊ တာဝန်ရှိသူများက ကြိုဆိုကြပြီး ပန္နက်ရိုက်မင်္ဂလာ အခမ်းအနားပြုလုပ်မည့် အစီအစဉ်နှင့် ဆောင်ရွက်ထားရှိမှုတို့ကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဝန်ကြီး၊ ဒုတိယဝန်ကြီးများနှင့် စီမံကိန်းအင်ဂျင်နီယာတို့က ပန္နက်တိုင်များကို အောင်သပြေဖြင့် အမွှေးနံ့သာပက်ဖျန်းပေးပြီး မင်္ဂလာအချိန် နံနက် ၇နာရီ ၁၅မိနစ်တွင် ပိုင်ရိုက် စက်ယန္တရားကြီး နှစ်စင်းဖြင့် ပိုင်များကို စတင်ရိုက်သွင်းကြသည်။

ကျောက်ရေတွင်းခုံးကျော်တံတားမှာ ပင်မတံတားအရှည် ၁၅၆၈ပေ အပါအဝင် စုစုပေါင်းပေ ၂၁၂၀ ရှည်မည်ဖြစ်သည်။ ကင်းလွတ်အမြင့်မှာ ၁၄ပေရှိသည်။ တံတားအမျိုးအစားမှာ သံကူကွန်ကရစ်အမျိုးအစားဖြစ်ပြီး ယာဉ်သွားလမ်းအကျယ်မှာ ၂၈ပေနှင့် လူသွားလမ်း အကျယ်မှာ သုံးပေ ၁၁လက်မ ရှိမည်ဖြစ်သည်။

(သတင်းစဉ်)

နှစ်(၆၀)ပြည့် တပ်မတော်နေ့ဂုဏ်ပြုကြိုဆို ကျောင်းဆောင်သစ်နှင့် လမ်းသစ်ဖွင့်ပွဲများကျင်းပ

ရန်ကုန် မတ် ၂၂

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် နှစ်(၆၀)ပြည့် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကယားပြည်နယ်အတွင်း ကျေးရွာမူလတန်းကျောင်း ကျောင်းဆောင်သစ်ဖွင့်ပွဲ၊ ကျေးလက် ဂဝံလမ်းသစ်ဖွင့်ပွဲများသို့ တက်ရောက်အားပေးသည်။

ဗဟိုအလုပ်အမှုဆောင် ဗိုလ်မှူးချုပ်သိန်းအောင်သည် မတ်၂၀ရက် မွန်းလွဲပိုင်းတွင် လွိုင်ကော်မြို့ မြို့တော်ခန်းမ၌ ကယားပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးကျင်းပသည့် ၂၀၀၅ခုနှစ် နွေရာသီသင်တန်းပေါင်းစုံ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

ဗဟိုအလုပ်အမှုဆောင်သည် မွန်းလွဲပိုင်းတွင် ဒီမောဆိုမြို့နယ် ဆိုဘောသဲ ကျေးရွာသို့ရောက်ရှိပြီး ကျေးလက်ကျန်းမာရေးဆေးပေးခန်း အဆောက်အအုံသစ် ဖွင့်ပွဲသို့ တက်ရောက်သည်။ ဖွင့်ပွဲတွင် ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးကျော်ဆွေ၊ ပြည်နယ်ကျန်းမာရေးမှူး ဒေါက်တာခင်မောင်ဝင်း၊ ရပ်မိရပ်ဖ ဦးဆာဒိုတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။

ထို့နောက် ကျေးရွာခန်းမတွင် ကျေးလက်ဆေးပေးခန်းဖွင့်ပွဲနှင့် ရေအားလျှပ်စစ်စက်ရုံဖွင့်ပွဲ အခမ်းအနားများကို ဆက်လက်ကျင်းပရာ ဗဟိုအလုပ်အမှုဆောင်က နိုင်ငံတော်က ဆောင်ရွက်ပေးလျက်ရှိသည့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ငါးရပ်၊ ကျေးလက်ဒေသများ လျှပ်စစ်မီးရရှိရေး၊ မြို့ပြနှင့် ကျေးလက်အကြားအလပ်မရှိ ဖွံ့ဖြိုးတိုးတက်စေရေး အရှိန်အဟုန်ဖြင့် ဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ဗဟိုအလုပ်အမှုဆောင် ဗိုလ်မှူးချုပ်သိန်းအောင်သည် ယမန်နေ့ နံနက်ပိုင်းတွင် လွိုင်ကော်မြို့နယ် ဒေါတနောကျေးရွာသို့ရောက်ရှိပြီး ကျေးရွာမူလတန်းကျောင်း ကျောင်းဆောင်သစ်ဖွင့်ပွဲသို့ တက်ရောက်သည်။

ထိုမှတစ်ဆင့် ဗဟိုအလုပ်အမှုဆောင်နှင့်အဖွဲ့သည် လွိုင်ကော်မြို့နယ် လွယ်ထွဲကျေးရွာသို့ရောက်ရှိပြီး နှစ်(၆၀)ပြည့် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဖွင့်လှစ်သည့် ကျေးလက်ဂဝံလမ်းသစ်ဖွင့်ပွဲနှင့် မူလတန်းကျောင်းဆောင်သစ် ဖွင့်ပွဲသို့တက်ရောက်သည်။ (သတင်းစဉ်)

နှစ်(၆၀)ပြည့် တပ်မတော်နေ့ဂုဏ်ပြု "သူရဲကောင်းများထွန်းကားသည်" ရုပ်မြင်သံကြားဇာတ်လမ်း ထုတ်လွှင့်မည်

ရန်ကုန် မတ် ၂၂

နှစ်(၆၀)ပြည့်တပ်မတော်နေ့ ဂုဏ်ပြုဇာတ်လမ်းဖြစ်သည့် **"သူရဲကောင်းများ ထွန်းကားသည်"** ရုပ်မြင်သံကြားဇာတ်လမ်းကို ဇာတ်ညွှန်း အကယ်ဒမီ ငြိမ်းမင်းရေးသား၍ ဒါရိုက်တာ အကယ်ဒမီ ပန်းချီစိုးမိုးရိုက်ကူးပြီး သရုပ်ဆောင်များအဖြစ် အကယ်ဒမီ ကျော်သူ၊ အကယ်ဒမီ ဇင်ဝိုင်း၊ ထပ်ဆင့်အကယ်ဒမီ ရန်အောင်၊ အကယ်ဒမီ ဒွေး၊ အကယ်ဒမီ မင်းမော်ကွန်း၊ နိုင်းနိုင်း၊ စိုင်းစိုင်းခမ်းလှိုင်၊ ထပ်ဆင့်အကယ်ဒမီ မေသန်းနု၊ အကယ်ဒမီ မေသဥ္ဇာဦး၊ အကယ်ဒမီ ပန်းဖြူ၊ အကယ်ဒမီ စိုးမြတ်နန္ဒာတို့နှင့် အခြားသရုပ်ဆောင်ပေါင်းများစွာ ပါဝင်သရုပ်ဆောင်ရိုက်ကူးထားကြောင်းသိရသည်။

အဆိုပါ ဇာတ်လမ်းကို အပိုင်းသုံးပိုင်းခွဲ၍ ၂၀၀၅ ခုနှစ် မတ် ၂၄ရက်၊ ၂၅ရက်နှင့် ၂၆ရက်ည ရုပ်မြင်သံကြားသတင်းများအပြီးတွင် မြဝတီရုပ်မြင်သံကြားအစီအစဉ်မှ လည်းကောင်း၊ မတ် ၂၈ရက်၊ ၂၉ရက်နှင့် ၃၀ရက်ည ရုပ်မြင်သံကြားသတင်းများအပြီးတွင် မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်မှ လည်းကောင်း ထုတ်လွှင့်ပြသသွားမည်ဖြစ်သည်။ (သတင်းစဉ်)



နှစ်(၆၀)ပြည့် တပ်မတော်နေ့အကြိုဂုဏ်ပြုကဗျာ

မြန်မာ့စွမ်းရည် ကမ္ဘာတည်သရွေ့

☆ ဘာမထီ သာကီမျိုးပေမို့
အာဇာနည် ဂုဏ်ရည်မညှိုးပါဘု
အမျိုးမာန် ဇာတိသွေးတွေဖြင့်
ချွေးအသက် ပေးဆက်ကြည်ဖြူစွာပေါ့
စဉ်အလာ ထင်အရှားရယ်နဲ့
စွန့်စားခဲ့တပ်မတော်။

☆ အရေးကြီး သွေးနီးတာအမှန်ကွယ့်
ပြည်သာရန် ခိုင်မာအားတွေနဲ့
ကြိုးစားကာ တစ်သက်မခွဲ
တွဲလက်တွေ အစဉ်ခိုင်လို့
ခွဲမဏ္ဍိုင်မယိုင်လဲပါဘူး
အောင်ပွဲတွေ အခါခါဆက်ကာဖြင့်
သွက်လက်စွာ ပန်းတိုင်ရောက်အောင်
ပြောင်မြောက်ဂုဏ်မင်္ဂလာသတင်း
ထင်လင်းခဲ့ကမ္ဘာပေါ်။

☆ နိုင်ငံတော် သာယာရေးကိုလ
မြော်တွေးကာ ဘယ်ခါမတွန့်ပါခဲ့
ရဲဝံ့စွာဦးဆံမြည့်စေတော့
မြစ်တွေ့လေက တံတားဆင်
တောင်ကိုမြင်လျှင် လမ်းတွေဖောက်
စခန်းထောက်ကာပြည်သူကြားမှာ
မားမားရပ်လာအတူယှဉ်လို့
ရှေ့လမ်းစဉ်(၇)ရပ်ကိုဖြင့်
မာန်ဝင့်ကာဖော်ဆောင်ကြမယ်ကွယ့်
ညီနောင်တို့ရဲ့ အားသစ်တွေ
တည်ထောင်စိုက်ကွယ့် ကြားမလပ်စေ
သားချစ်ရေ... ဂုဏ်ရည်လျှိုင်တိုးတဲ့
ပြည်ခိုင်ဖြိုးကို လက်တွဲခေါ်
ရဲအဖော်တစ်တပ်တစ်အား။

☆ ရိုင်းပင်းညီညာစွာနှင့်
တိုင်းရင်းပြည် မြန်မာအရေးကို
တွေးဆကာ အခြေခိုင်ဖို့
သွေမယိုင် "မြန်မာဟေ့"ရယ်လို့
ယနေ့တိုင် အောင်လံထူပြီး
နောင်ဇမ္ဗူ ကမ္ဘာတည်သရွေ့
ကြည်မွေ့စွာ တာဝန်ထမ်းလို့ရယ်
လှမ်းတက်မှေ့သား။ ။

စောငယ်ငယ် (မိုးညှင်း)

ဥရောပနိုင်ငံများနှင့် အမေရိကန်တွင် အီရတ်ကျူးကျော်စစ်ဆန့်ကျင်ရေးဆန္ဒပြ

နယူးယောက် မတ် ၂၁

ဥရောပတိုက်ရှိ နိုင်ငံများနှင့် အမေရိကန်ပြည်ထောင်စုတို့တွင် တနင်္ဂနွေနေ့က အီရတ်စစ်ပွဲဆန့်ကျင်သည့် ဆန္ဒပြပွဲများကို ပြုလုပ်ရာ၌ လူထောင်ပေါင်းများစွာ ပါဝင်ဆန္ဒပြကြသည်။

အီတလီနိုင်ငံ ရောမမြို့တွင် လူပေါင်း ၁၀၀၀၀၀ ခန့်က စစ်ဆန့်ကျင်ရေး ပိုစတာများကိုကိုင်ကာ ဆန္ဒပြကြသည်။ ဆန္ဒပြသမားများသည် အီရတ်နိုင်ငံမှ အီတလီတပ်ဖွဲ့ ချက်ချင်းရုပ်သိမ်းပေးရန်လည်း တောင်းဆိုကြသည်။ စပိန်နိုင်ငံ မဒရစ်မြို့နှင့် ဘာစီလိုနာမြို့တို့တွင်လည်း စစ်ဆန့်ကျင်ရေးဆန္ဒပြပွဲများ ပြုလုပ်ခဲ့သည်။

၁၀၀၀၀ ခန့်ပါဝင်

တူရကီနိုင်ငံ အစ္စတန်ဘူလ်မြို့တွင် ပြုလုပ်သော စစ်ဆန့်ကျင်ရေး လူထုစည်းဝေးပွဲသို့ ဆန္ဒပြသမား ၁၀၀၀၀ ခန့် ပါဝင်တက်ရောက်ကြသည်။ တူရကီနိုင်ငံရှိ အင်ကာရာနှင့်အစ္စဗီယာမြို့တို့တွင်လည်း စစ်ဆန့်ကျင်ရေးဆန္ဒပြပွဲများ ပြုလုပ်ခဲ့သည်။

အမေရိကန်နိုင်ငံ နယူးယောက်မြို့ရှိ ဗဟိုဥယျာဉ်တွင် လူထောင်ပေါင်းများစွာ စုဝေးကာ စစ်ဆန့်ကျင်ရေး ဆန္ဒပြကြသည်။ နယူးယောက်တစ်ဝန်းတွင် စစ်ဆန့်ကျင်ရေးဆန္ဒပြပွဲများ ဖြစ်ပွားခဲ့ပြီး ရဲတပ်ဖွဲ့က တိုင်းမ်စ်စကွဲယားရင်ပြင်တွင် ဆန္ဒပြသူ ၂၇ ဦး အပါအဝင် ဆန္ဒပြသမား ၃၆ ဦးကို ဖမ်းဆီးခဲ့သည်။

မင်ဟတ်တန်ဒေသတွင် လူ ၃၅၀ ခန့်က ၄၂ လမ်းတစ်လျှောက် တိတ်ဆိတ်စွာဖြင့် ဆန္ဒပြခဲ့ကြသည်။ အမေရိကန်နိုင်ငံ ချီကာဂိုမြို့၏ မြို့လယ်ဒေသတွင် ဆန္ဒပြသမား ရာပေါင်းများစွာက ငြိမ်းချမ်းစွာဆန္ဒပြခဲ့ကြသည်။ အလားတူပင် ဆန်ဖရန်စစ္စကိုမြို့၌လည်း စစ်ဆန့်ကျင်ရေးဆန္ဒပြပွဲ ပြုလုပ်ခဲ့သည်။

လိုလား

မိမိတို့ စစ်ပွဲကို အလိုမရှိကြောင်း၊ ကျူးကျော်သိမ်းပိုက်မှုကိုလည်း လက်မခံကြောင်း၊ သမ္မတဘုရှ်အစိုးရက အလုပ်အကိုင်များ ဖန်တီးပေးရန်နှင့် ပညာရေးကို မြှင့်တင်ပေးရန်သာ လိုလားကြောင်း ဆန္ဒပြသူတစ်ဦးက ပြောကြားသည်။

အမ်အင်အေ၊ ရိုက်တာ။

အာဖဂန်တွင် ကန်တပ်ဖွဲ့ဝင်တစ်ဦး မိုင်းကွဲ၍ သေဆုံး၊ လေးဦး ဒဏ်ရာရ

ကဘူး မတ် ၂၁

အမေရိကန်တပ်ဖွဲ့ဝင်များ စီးနင်းလိုက်ပါလာသည့် မော်တော်ယာဉ်တစ်စင်းသည် အင်္ဂါနေ့က အာဖဂန်နစ္စတန်နိုင်ငံ အနောက်ပိုင်းဒေသရှိ ရှင်ဒန်းဒေသတွင် မြေမြှုပ်မိုင်းနင်းမိရာ အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦး သေဆုံးခဲ့ပြီး အခြားလေးဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း အမေရိကန်ကြည်းတပ်က ဗုဒ္ဓဟူးနေ့တွင် ထုတ်ပြန်ကြေညာခဲ့သည်။

ယင်းတိုက်ခိုက်မှုသည် အမေရိကန်ဦးဆောင်သည့် အပေါင်းပါတပ်ဖွဲ့များအား ယခုရက်သတ္တပတ်တွင် ဒုတိယအကြိမ်မြောက် တိုက်ခိုက်မှုပင်ဖြစ်သည်။ ပထမအကြိမ် တိုက်ခိုက်မှုအတွင်း အမေရိကန် မရိန်းတပ်ဖွဲ့ဝင် နှစ်ဦး နန်ဂါဟာပြည်နယ်တွင် ထိခိုက်ဒဏ်ရာရရှိခဲ့သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ရာသီဥတုပြောင်းလဲခြင်းပြဿနာ ဖြေရှင်းနိုင်ရေး ဂျီ-၈ နိုင်ငံများ ကြိုးပမ်းရန် တိုက်တွန်း

ဒါဘီ(အင်္ဂလန်) မတ် ၂၁

ကမ္ဘာ့ရာသီဥတု ပြောင်းလဲခြင်းကြောင့်ဖြစ်ပေါ်နိုင်သော ဘေးအန္တရာယ်များ ဖြေရှင်းနိုင်ရေးအတွက် စက်မှုဖွံ့ဖြိုးပြီး ရှစ်နိုင်ငံအုပ်စု(ဂျီ-၈) နိုင်ငံများ ကြိုးပမ်းဆောင်ရွက်ကြရန် ကျွမ်းကျင်သူ ပညာရှင်များနှင့် သိပ္ပံပညာရှင်များက သောကြာနေ့တွင်တိုက်တွန်းလိုက်သည်။

အင်္ဂလန်ရှိ ဒါဘီမြို့တွင်ကျင်းပသော ဂျီ-၈နိုင်ငံများ၏ သဘာဝပတ်ဝန်းကျင်နှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ညီလာခံတစ်ရပ်တွင် ကျွမ်းကျင်သူ ပညာရှင်များနှင့် သိပ္ပံပညာရှင်များက အထက်ပါအတိုင်း တိုက်တွန်းလိုက်ခြင်းဖြစ်သည်။

ရာသီဥတုပြောင်းလဲခြင်းနှင့်အာဖရိကတိုက်တွင် တရားမဝင် သစ်ခုတ်လှဲခြင်းတို့နှင့် သက်ဆိုင်နေသော ပြဿနာရပ်များ ဖြေရှင်းနိုင်ရေးအတွက် ဂျီ-၈ သဘာဝပတ်ဝန်းကျင်နှင့် ဖွံ့ဖြိုးရေးဝန်ကြီးများနှင့် ဆွေးနွေးရန် ကျွမ်းကျင်သူပညာရှင်များနှင့် သိပ္ပံပညာရှင်များကို ဖိတ်ခေါ်ခဲ့သည်။

ဂျီ-၈အုပ်စုတွင် ဗြိတိန်၊ ကနေဒါ၊ ပြင်သစ်၊ ဂျာမနီ၊ အီတလီ၊ ဂျပန်၊ အမေရိကန်ပြည်ထောင်စုနှင့် ရုရှားနိုင်ငံတို့ ပါဝင်ကြသည်။

ရာသီဥတု ပြောင်းလဲခြင်းပြဿနာကို သုတေသနလုပ်ငန်းများ လုပ်ဆောင်ရုံမျှမဟုတ်ဘဲ လက်တွေ့ကျသည့် အစီအစဉ်များ ချမှတ်ကာ ဆောင်ရွက်ရန်လိုအပ်ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ အဖွဲ့အစည်းများ ဖြစ်သည့် ဂရင်းပိစ်အဖွဲ့၊ ကမ္ဘာ့မြေ၏ မိတ်ဆွေများအဖွဲ့နှင့်ကမ္ဘာ့သဘာဝပတ်ဝန်းကျင် လေ့လာစောင့်ကြည့်ရေးအဖွဲ့တို့လည်း ညီလာခံသို့ တက်ရောက်ကြသည်။

အမ်အင်အေ၊ ဆင်ဟွာ။

ရေနံလုပ်ငန်းများကို ခုခံဆန့်ကျင်ရေး သမားများက တိုက်ခိုက်မှု မပြုနိုင်စေရန် အမေရိကန်ဦးဆောင်သော တပ်ဖွဲ့က အမျိုးမျိုး စောင့်ကြပ်နေသည့်ကြားမှ ဘဂ္ဂဒက် မြောက်ပိုင်းရှိ ရေနံပိုက်လိုင်းများ ဖောက်ခွဲခံရသဖြင့်ပေါက်ကွဲ မီးလောင်နေသည်ကို မတ် ၂၀ ရက် က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

တရုတ်နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးမှုကောင်းမွန် ယခုနှစ်တွင် ၉ ရာခိုင်နှုန်းအထိ တိုးတက်မည်မျှော်လင့်

ပေကျင်း မတ် ၂၁

တရုတ်နိုင်ငံ၏ စီးပွားရေးသည် လျင်မြန်စွာ တိုးတက်လျက်ရှိကြောင်း၊ ၂၀၀၅ ခုနှစ်တွင် တရုတ်နိုင်ငံ၏ စီးပွားရေးတိုးတက်မှုနှုန်းသည် ၈ ရာခိုင်နှုန်းမှ ၉ ရာခိုင်နှုန်းအထိ တိုးတက်မည်ဟု မျှော်လင့်ရကြောင်း တရုတ်နိုင်ငံ အမျိုးသားစာရင်းအင်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဌာနက မကြာမီကထုတ်ပြန်သော အစီရင်ခံစာတွင် ဖော်ပြထားသည်။

တရုတ်နိုင်ငံ၏ ဈေးကွက်အင်အားစုများ ခိုင်မာတိုးတက်လာခြင်း၊ စီးပွားရေးစနစ်အရ တိုးတက်မှုရှိလာခြင်းနှင့် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့တွင် အဖွဲ့ဝင်နိုင်ငံအဖြစ် တရုတ်နိုင်ငံ ဝင်ရောက်ခွင့်ရရှိခဲ့ခြင်းတို့၏ အကျိုးတရားများအဖြစ် စီးပွားရေး တိုးတက်မှုနှုန်းကောင်းမွန်လာကြောင်း ၂၀၀၅ ခုနှစ် စီးပွားရေးဆိုင်ရာ အစီရင်ခံစာတွင် ဖော်ပြထားသည်။

တရုတ်နိုင်ငံ၏ မက္ကရိုစီးပွားရေးမူဝါဒအရ စီးပွားရေး တိုးတက်မှုလမ်းကြောင်းပေါ်တွင် ထားနိုင်သဖြင့် စီးပွားရေးရာ အောင်မြင်မှုများ ရရှိရန်အကြောင်းဖြစ်စေကြောင်း၊ ဈေးကွက်အတွင်း ရောင်းလိုအားနှင့် ဝယ်လိုအားမျှတမှုရှိစေရန် ဆောင်ရွက်နိုင်ခြင်းနှင့် ငွေကြေးဖောင်းပွမှုကို ထိန်းချုပ်နိုင်ခြင်းတို့ကြောင့် စီးပွားရေးတိုးတက်ရန် အထောက်အပံ့ ရရှိစေကြောင်း အဆိုပါ အစီရင်ခံစာတွင် ဖော်ပြထားသည်။

တရုတ်နိုင်ငံ၏ စီးပွားရေးတိုးတက်မှုနှုန်းသည် ၂၀၀၅ ခုနှစ်တွင် ၈ ရာခိုင်နှုန်း တိုးတက်ရန် လျာထားသည်ဟု ယခုလအစောပိုင်းက အမျိုးသားပြည်သူ့ကွန်ဂရက် အစည်းအဝေးသို့ ဝန်ကြီးချုပ် ဝမ်ကျားပေါင်တင်သွင်းသော အစိုးရအဖွဲ့ လုပ်ငန်းအစီရင်ခံစာတွင် ဖော်ပြပါရှိသည်။

အမ်အင်အေ၊ဆင်ဟွာ။

အမေရိကန်တို့ အီရတ်နိုင်ငံကို သိမ်းပိုက်မှုနှစ်နှစ်ပြည့်သည့် ဆန္ဒပြမှုများ ဖြစ်ပေါ်လာမည့်အခြေအနေကြောင့် ဆာဒါးမြို့အတွင်း ကင်းလှည့်နေသော ကန်တပ်ဖွဲ့ဝင်များကို မတ် ၁၉ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ရေအိုင်ကြီးများဒေသ အေအိုင်ဒီအက်စ်တိုက်ဖျက်ရေး ကမ္ဘာ့ဘဏ်ကူညီ

ကမ်ပါလာ မတ် ၂၁

ရေအိုင်ကြီးများဒေသတွင် အိပ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအက်စ် တိုက်ဖျက်ရေးလုပ်ငန်းကို ကူညီအားပေးရန် ကမ္ဘာ့ဘဏ်က အမေရိကန်ဒေါ်လာ သန်း ၂၀ ခွင့်ပြုလိုက်ကြောင်း ကမ်ပါလာမြို့ရှိ ကမ္ဘာ့ဘဏ်ရုံးက ထုတ်ပြန်သော ကြေညာချက်တွင် ဖော်ပြထားသည်။

ခွင့်ပြုငွေရရှိမည့် နိုင်ငံများမှာ ယူဂန္ဒာ၊ ဘူရွန်ဒီ၊ ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံ၊ ကင်ညာ၊ ရဝမ်ဒါနှင့် တန်ဇန်းနီးယားတို့ဖြစ်ကြသည်။ ယင်းနိုင်ငံများတွင် အိပ်ချ်အိုင်ဗွီ/အေအိုင်ဒီအက်စ်ရောဂါဖြစ်ပွားနေသူ ခြောက်သန်းကျော်ရှိပြီး ကလေးငယ်သုံးသန်းကျော်မှာ ရောဂါကူးစက်မှုဒဏ်ကို ခံနေရသည်။

ရေအိုင်ကြီးများဒေသ အိပ်ချ်အိုင်ဗွီ/အေအိုင်ဒီအက်စ်လုပ်ငန်း စီမံချက်အရ ဒုက္ခသည်များ၊ ရွှေ့ပြောင်းနေထိုင်သော အလုပ်သမားများ၊ သယ်ယူပို့ဆောင်ရေး အလုပ်သမားများနှင့် ရောဂါပြင်းထန်စွာခံစားနေသူများအတွက် ရောဂါကြိုတင်ကာကွယ်ရေး၊ ပြုစုစောင့်ရှောက်ရေးနှင့် ဆေးကုသရေး အစီအစဉ်များတွင် ငွေကြေး ထောက်ပံ့သွားမည်ဖြစ်ကြောင်း သိရသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

နိုင်ငံတကာသတင်းများ

အီရတ်နိုင်ငံ အန်ဘာပြည်နယ်တွင် တိုက်ခိုက်ခံရမှုကြောင့် အမေရိကန် တပ်ဖွဲ့ဝင်တစ်ဦး သေဆုံး

ဘဂ္ဂဒက် မတ် ၂၁

အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦး အီရတ်နိုင်ငံ အန်ဘာပြည်နယ်တွင် တိုက်ခိုက်ခံရမှုကြောင့် သေဆုံးသွားခဲ့ကြောင်း အမေရိကန်စစ်ဘက်က တနင်္လာနေ့တွင် ပြောကြားသည်။

အထောက်အကူဖြစ်

အမှတ်(၁) ပြည်ပမရိန်းတပ်ဖွဲ့ဝင်တစ်ဦးဖြစ်သည့် အဆိုပါ တပ်ဖွဲ့ဝင်သည် တနင်္ဂနွေနေ့က သေဆုံးခဲ့သည်ဟု ကြေညာချက်တွင် ဖော်ပြထားသည်။ စစ်ဘက်က အသေးစိတ်သတင်းထုတ်ပြန်မှုမရှိပေ။ အဘယ်ကြောင့်ဆိုသော် ယင်းသို့ ထုတ်ပြန်ခြင်းဖြင့် ပြောက်ကျားများအတွက် အထောက်အကူဖြစ်စေပြီး အမေရိကန်တပ်ဖွဲ့ဝင်များအတွက် အန္တရာယ်ဖြင့် ရင်ဆိုင်နိုင်သည့်အတွက်ကြောင့်ဖြစ်သည်။

၁၁၅၀ ကျော်ရှိ

အမေရိကန် ဦးဆောင်တပ်ဖွဲ့ဝင်များက ဆက်ဒမ်ဟူစိန်အား သမ္မတရာထူးမှ ဖြုတ်ချရန် အီရတ်နိုင်ငံအတွင်း ၂၀၀၃ ခုနှစ်က ကျူးကျော် ဝင်ရောက်ခဲ့ပြီးသည့်နောက် အီရတ်နိုင်ငံတွင် တိုက်ခိုက်မှုကြောင့် သေဆုံးသည့် အမေရိကန် တပ်ဖွဲ့ဝင်ဦးရေသည် ၁၁၅၀ ကျော်ရှိပြီဖြစ်သည်။

အီရတ်ဆွန်နီအာရပ်ပြောက်ကျားများနှင့် ပြည်ပခုခံရေးသမားများက အမေရိကန်ဦးဆောင်သော ပြည်ပတပ်ဖွဲ့များကို မောင်းထုတ်ရန်နှင့် အမေရိကန် အားပေးထောက်ခံသည့် အီရတ် အစိုးရအား ဖြုတ်ချရန်အတွက် ဆက်လက်တိုက်ပွဲဝင်နေကြသည်။ ***အမ်အင်အေ၊ရိုက်တာ။***

❁ **ကျောဖုံးမှ**

ဥက္ကဋ္ဌ တရားသူကြီးချုပ်ဦးအောင်တိုးနှင့် လုပ်ငန်းကော်မတီအဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်နှင့် စီမံခန့်ခွဲမှုကော်မတီ အဖွဲ့ဝင်များ၊ ဆပ်ကော်မတီ အသီးသီးမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ နိုင်ငံရေးပါတီများ ဖြစ်ကြသည့် ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီ၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ၊ ပြည်ထောင်စု ကရင်အမျိုးသားများအဖွဲ့ချုပ်၊ ပြည်ထောင်စု ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်၊ မြို(ခေါ်)ခမိ အမျိုးသားညီညွတ်ရေးအဖွဲ့၊ လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ၊ ‘ဝ’အမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးပါတီတို့မှ ကိုယ်စားလှယ်များ၊ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ၊ မြို(ခေါ်)ခမိ အမျိုးသားညီညွတ်ရေးအဖွဲ့နှင့် တစ်သီးပုဂ္ဂလတို့မှ ရွေးချယ်ခြင်းခံရသော ကိုယ်စားလှယ်များ၊ တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်မျာ ဖြစ်ကြသည့် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ စစ်ကိုင်းတိုင်း၊ တနင်္သာရီတိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့မှ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များ၊ တောင်သူလယ်သမားကိုယ်စားလှယ်များဖြစ်ကြသည့် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ စစ်ကိုင်းတိုင်း၊ တနင်္သာရီတိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့မှ တောင်သူလယ်သမားကိုယ်စားလှယ်များ၊ အသိပညာရှင်၊ အတတ်ပညာရှင်ကိုယ်စားလှယ်များ၊ အလုပ်သမားကိုယ်စားလှယ်များဖြစ်ကြသည့် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ စစ်ကိုင်းတိုင်း၊ တနင်္သာရီတိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့မှ အလုပ်သမားကိုယ်စားလှယ်များ၊ နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များ ဖြစ်ကြသည့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၊ နိုင်ငံတော်သမ္မတရုံး၊ ပြည်သူ့လွှတ်တော်ရုံး၊ အစိုးရအဖွဲ့ရုံး၊ တရား ရုံးချုပ်၊ရှေ့နေချုပ်ရုံး၊ စာရင်းစစ်ချုပ်ရုံး၊ ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲကျင်းပရေးကော်မရှင်ရုံး၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီနှင့် ဝန်ကြီးဌာနအသီးသီးမှ နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များ၊ အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များတွင် တစ်ဦးချင်းဖိတ်ကြားထားသူများနှင့် ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့် ငြိမ်းချမ်းရေးရယူထားသော တိုင်းရင်းသားအဖွဲ့(၁၇)ဖွဲ့ အပါအဝင် အခြားအဖွဲ့များမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ကျင်းပရာ သဘာပတိနှင့် သဘာပတိအဖွဲ့ဝင်များအားတွေ့ရစဉ်။

(သတင်းစဉ်)

လက်မှတ်ရေးထိုး

အမျိုးသားညီလာခံ စုံညီအစည်းအဝေးမစတင်မီ နံနက် ၇ နာရီခွဲမှစတင်၍ အမျိုးသားညီလာခံကျင်းပရေး ကော်မရှင်ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ကော်မရှင်အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ တရားသူကြီးချုပ် ဦးအောင်တိုးနှင့် လုပ်ငန်းကော်မတီအဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်နှင့် စီမံခန့်ခွဲမှုကော်မတီအဖွဲ့ဝင်များ၊ ဆပ်ကော်မတီအသီးသီးမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များ၊ တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များ၊ တောင်သူလယ်သမားကိုယ်စားလှယ်များ၊ အလုပ်သမားကိုယ်စားလှယ်များ၊ အသိပညာရှင်၊ အတတ်ပညာရှင်ကိုယ်စားလှယ်များ၊ နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များ၊ အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များသည် အမျိုးသားညီလာခံ စုံညီအစည်းအဝေးကျင်းပရာ ပြည်ထောင်စုခန်းမနှင့် ကိုယ်စားလှယ်များ နားနေဆောင်ခန်းမတို့၌အမျိုးသားညီလာခံစုံညီအစည်းအဝေးသို့ တက်ရောက်ကြောင်း မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးကြသည်။

အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ တက်ရောက်ကြသော အမျိုးသားညီလာခံ ကိုယ်စားလှယ်များအား တွေ့ရစဉ်။

(သတင်းစဉ်)

ယနေ့ကျင်းပသည့် အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင် သဘာပတိအဖြစ် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့မှ ဦးစောဖီးလစ်(ခေါ်) ဦးဖီးလစ်ဆမ်က ဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီအဖွဲ့ဝင် ဦးမျိုးသန့်(မောင်ဆုရှင်)၊ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့မှ ဦးလော်ဆင်ကွမ်း၊ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များအစုအဖွဲ့မှ ဦးကျော်ဒင်(ခေါ်) ဦးထေးရယ်၊ တောင်သူလယ်သမား ကိုယ်စားလှယ်များအစုအဖွဲ့မှ ဦးကြည်တင့်၊ အလုပ်သမားကိုယ်စားလှယ်များအစုအဖွဲ့မှ ဦးဘိုသိန်း၊ အသိပညာရှင်၊ အတတ်ပညာရှင်ကိုယ်စားလှယ်များအစုအဖွဲ့မှ ဒေါက်တာသိန်းညွန့်(ညွန့်ဝေ-ကသာ)၊ နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များ အစုအဖွဲ့မှ ဒေါက်တာမြတ်မြတ်အုန်းခင်နှင့် အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များအစုအဖွဲ့မှ ဒေါက်တာမနန်တူးဂျာတို့က ဆောင်ရွက်ကြသည်။

အခမ်းအနားမှူးအဖြစ် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီရုံး ညွှန်ကြားရေးမှူး(အစည်းအဝေး) ဦးသန်းအောင်ကဆောင်ရွက်ပြီးတွဲဖက်အခမ်းအနားမှူးအဖြစ် ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ကြည်ကဆောင်ရွက်သည်။

စတင်ကျင်းပ

ရှေးဦးစွာ အခမ်းအနားမှူးက အမျိုးသားညီလာခံသို့ တက်ရောက်ခွင့်ရှိသည့် ညီလာခံကိုယ်စားလှယ်၁၀၈၁ ရှိပြီး ၁၀၇၁ ဦးတို့ တက်ရောက်လာကြသည့်အတွက် ရာခိုင်နှုန်းအားဖြင့် ၉၉ ဒသမ ၀၇ ရာခိုင်နှုန်းရှိသဖြင့် အမျိုးသားညီလာခံစုံညီအစည်းအဝေးအထမြောက်ကြောင်းနှင့် သဘာပတိ၏ ခွင့်ပြုချက်အရ အမျိုးသားညီလာခံ စုံညီအစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာသည်။

ထို့နောက် စုံညီအစည်းအဝေးအစီအစဉ်အရ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင်ပါဝင်မည့် အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းများအတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံ ရမည့်မူများနှင့် စပ်လျဉ်း၍ ကိုယ်စားလှယ်အစုအဖွဲ့များမှ ကိုယ်စားလှယ်များက ဆွေးနွေးအကြံပြုချက်စာတမ်းများကို ဖတ်ကြားတင်ပြကြရာတွင် ရှေးဦးစွာ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့၌ပါဝင်သော ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီ၏ ဆွေးနွေးအကြံပြုချက် စာတမ်းကို ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီမှ ဦးခင်မောင်အေးက ဖတ်ကြားတင်ပြသည်။

ဖတ်ကြားတင်ပြ

ဆက်လက်၍ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရာတွင်ပါဝင်မည့် အုပ်ချုပ်ရေးနှင့် တရားစီရင် ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းများအတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့် မူများနှင့်စပ်လျဉ်း၍ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့၌ပါဝင်သော ပြည်ထောင်စု ကရင်အမျိုးသားများအဖွဲ့ချုပ်၏ ဆွေးနွေးအကြံပြုချက် စာတမ်းကို ပြည်ထောင်စုကရင်အမျိုးသားများအဖွဲ့ချုပ်မှ ဦးစောသန်းအောင်နှင့် **စာမျက်နှာ ၇ ကော်လံ ၁ သို့** ➪

ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီမှ ဦးခင်မောင်အေးက ကိုးကန့်ဒီမိုကရေစီနှင့်ညီညွတ်ရေးပါတီ၏ ဆွေးနွေးအကြံပြုချက်စာတမ်းကို ဖတ်ကြားစဉ်။

(သတင်းစဉ်)

ပြည်ထောင်စု ကရင်အမျိုးသားများအဖွဲ့ချုပ်မှ ဦးစောသန်းအောင်က ပြည်ထောင်စု ကရင်အမျိုးသားများအဖွဲ့ချုပ်၏ ဆွေးနွေးအကြံပြုချက်စာတမ်းကို ဖတ်ကြားစဉ်။

(သတင်းစဉ်)

ပြည်ထောင်စု ကရင်အမျိုးသားများအဖွဲ့ချုပ်မှ ဦးမန်းတင်မောင်(ခေါ်) ဦးမန်းမျိုးညွန့်က ပြည်ထောင်စု ကရင်အမျိုးသားများအဖွဲ့ချုပ်၏ ဆွေးနွေးအကြံပြုချက် စာတမ်းကိုဖတ်ကြားစဉ်။

(သတင်းစဉ်)

‘ဝ’အမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးပါတီမှ ဦးညီပလုပ်က ‘ဝ’ အမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးပါတီ၏ ဆွေးနွေးအကြံပြုချက်စာတမ်းကို ဖတ်ကြားစဉ်။

(သတင်းစဉ်)

အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ တက်ရောက်ကြသော အမျိုးသားညီလာခံ ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်ကြောင်း မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးကြစဉ်။

(သတင်းစဉ်)

➪ စာမျက်နှာ ၆ မှ

ဦးမန်းတင်မောင်(ခေါ်) ဦးမန်းမျိုးညွန့်တို့က ဖတ်ကြားတင်ပြကြပြီး စုံညီအစည်းအဝေးကို ခေတ္တရပ်နားသည်။

ယင်းနောက် အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို နံနက် ၁၀နာရီ ၅မိနစ်တွင် ပြန်လည်ကျင်းပရာ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းများအတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့်စပ်လျဉ်း၍ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့၌ ပါဝင်သော‘ဝ’ အမျိုးသား ဖွံ့ဖြိုးတိုးတက်ရေး ပါတီ၏ ဆွေးနွေးအကြံပြုချက်စာတမ်းကို ‘ဝ’ အမျိုးသားဖွံ့ဖြိုးတိုးတက်ရေး ပါတီမှ ဦးညီပလုပ်က ဖတ်ကြားတင်ပြပြီး အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို နံနက် ၁၀နာရီ ၅၅မိနစ်တွင်ရပ်နားလိုက်သည်။ အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို မတ် ၂၃ရက်နံနက်၉နာရီတွင် ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။

(သတင်းစဉ်)

အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ကျင်းပရာ အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံ ကိုယ်စားလှယ်များအား တွေ့ရစဉ်။

(သတင်းစဉ်)

ပါကစ္စတန်နိုင်ငံ အမျိုးသားနေ့ ဝန်ကြီးဦးဉာဏ်ဝင်း သဝဏ်လွှာပေးပို့

ရန်ကုန် မတ် ၂၃

၂၀၀၅ခုနှစ် မတ် ၂၃ရက်တွင် ကျရောက်သော ပါကစ္စတန် အစ္စလာမ်မစ်သမ္မတနိုင်ငံ၏ နှစ်ပတ်လည်အမျိုးသားနေ့အခါသမယတွင် ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းထံမှ ပါကစ္စတန် အစ္စလာမ်မစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မီရန်ကူရှစ်မာမွတ် ကာစူရီထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

ဂုဏဝိသိဋ္ဌပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် မတ် ၂၂

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ ကမ္မဋ္ဌာနာစရိယ ဘွဲ့တံဆိပ်တော် ဆက်ကပ်ပူဇော်ခြင်းခံရသော မြောက်ဦးမြို့နှင့် ရန်ကုန်မြို့ ရတနာစံဦးတိုက် ရတနာ့မာန်အောင်တောရ ဓမ္မရိပ်သာ၏ ပဓာန နာယက ဆရာတော် ဘဒ္ဒန္တဝါယာမိန္ဒအား ရန်ကုန်မြို့မှ ဒါယကာ၊ ဒါယိကာမတို့က စုပေါင်း၍ ဂုဏဝိသိဋ္ဌပူဇော်ပွဲကို မတ် ၂၅ရက် နံနက် ၉နာရီမှ ၁၂နာရီအထိ မင်္ဂလာဒုံမြို့နယ် ပုလဲမြို့သစ် ဉာဏရပ်ကွက် ရတနာ့မာန်အောင်တောရ ဓမ္မရိပ်သာတွင် ကျင်းပမည်ဖြစ်၍ ပူဇော်ပွဲသို့ ကြွရောက်ပါရန် ဖိတ်ကြားထားသည်။

(က-ပ)

ဗဟိုအလုပ်အမှုဆောင်မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း ဂျိုးဖြူရေ စတင်သွယ်ယူသည့်အခမ်းအနား တက်ရောက်အားပေး

ရန်ကုန် မတ် ၂၂

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်၊ ရန်ကုန်တိုင်းတာဝန်ခံ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းသည် ယနေ့နံနက်က သဃ်္ဃန်းကျွန်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှ ကြီးကြပ်၍ သုဝဏ္ဏမြို့ (၂၉)ရပ်ကွက်၊ ရန်ကုန်သစ်ရပ်ကွက်၊ ၄/ကရပ်ကွက်၊ ကြီးပွားရေးရပ်ကွက်၊ စံပြရပ်ကွက်၊ ငမိုးရိပ်ရပ်ကွက်များသို့ မူလပေးဝေနေသည့် အဝီစိရေများအစား ဂျိုးဖြူရေနှင့်စတင်ဆက်သွယ်ယူနိုင်ရန် လုပ်ငန်းများစတင် ဆောင်ရွက်သည့် အခမ်းအနားသို့ တက်ရောက်ကြည့်ရှုအားပေးသည်။

အခမ်းအနားသို့ အင်ဂျင်နီယာဌာန (ရေနှင့်သန့်ရှင်းမှု) ဌာနမှူးဦးသောင်းရင်၊ ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင်များ၊ သဃ်္ဃန်းကျွန်း၊ သုဝဏ္ဏရှိ အသင်းသူ အသင်းသားများ၊ လူမှုရေးအသင်း အဖွဲ့များနှင့် ရပ်ကွက်သူ ရပ်ကွက်သားများ စုံညီစွာတက်ရောက်ကြသည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းသည် ပထမဦးစွာ သုဝဏ္ဏမြို့ (၂၉) ရပ်ကွက်ပိုက်နှင့် ဂျိုးဖြူပိုက်ဆက်သွယ်မည့် မင်္ဂလာအခမ်းအနားကို သံသုမာလမ်းနှင့် ကောက်လျှင်လမ်းထိပ်တွင် အောင်ရွက်နေမှုကို အားပေးကြည့်ရှုသည်။ **(အပေါ်ပုံ)**

နှစ်လကြာမည်

ထို့နောက် အထက်ဖော်ပြပါ ရပ်ကွက်များတွင် ဂျိုးဖြူပင်မပိုက်မှ တစ်ဆင့် ရေသွယ်ယူရန် မင်္ဂလာပိုက်များချနေမှုကို လိုက်လံကြည့်ရှုအားပေးသည်။ ဖော်ပြပါ ရပ်ကွက်များတွင် ဂျိုးဖြူရေများ စတင်သုံးစွဲနိုင်ရန် ဆောင်ရွက်မှုသည် နှစ်လခန့်သာကြာမြင့်မည်ဖြစ်သည်။ (၁၉)

မိုးကုတ်ဝိပဿနာ တရားစခန်းကျင်းပမည်

ရန်ကုန် မတ် ၂၂

ပဲခူးမြို့နယ် အင်းတကော်ကျေးရွာ၊ မြို့မတောင်ကိုးလုံး မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာ သံဝေဇနိယ အမှတ် (၁)တွင် အမရပူရမြို့ မဂ္ဂလာမဂ္ဂင်ရိပ်သာ ပဓာန နာယက အဂ္ဂမဟာ ကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တ ဓောတိက(လေး)နှင့် ပဲခူးမြို့ မြို့မစာသင်တိုက် ပဓာန နာယက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ဂန္ဓမာ အရှင်မြတ်တို့ဦးစီး၍ တပေါင်းလပြည့်ကျော် ၃ရက် (မတ် ၂၇ရက်)မှစ၍ ၁၀ရက်တိုင် ကမ္မဋ္ဌာနာစရိယ ဆရာတော် အရှင်ဝိစိတ္တသာရ (မြို့မတောင်ကိုးလုံး)နှင့် အရှင်အဂ္ဂါစာရ (လယ်ဝေး) ဆရာတော်တို့က တရားတော်များ ဟောကြားမည်ဖြစ်ကြောင်း သိရသည်။ (က-ပ)

ဂျပန် ဒုတိယနိုင်ငံခြားရေးဝန်ကြီး ရောက်ရှိ

ရန်ကုန် မတ် ၂၂

ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူ၏ ဖိတ်ကြားချက်အရ ဂျပန်နိုင်ငံနိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဟီတိုရှိတာနာကာသည် ယနေ့ ည ၇နာရီတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ရောက်ရှိလာသည်။

ဂျပန်နိုင်ငံ ဒုတိယနိုင်ငံခြားရေးဝန်ကြီးအား နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူ၊ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံ သံအမတ်ကြီး မစ္စတာ နိဘူတာကဲ့အိုဒါနီနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ဂျပန်သံရုံးတို့မှ တာဝန်ရှိပုဂ္ဂိုလ်များက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

ဂျပန်နိုင်ငံ ဒုတိယနိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဟီတိုရှိတာနာကာနှင့်အတူ ဂျပန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန အာရှနှင့် အိုးရှင်းနီးယားရေးရာဗျူရိုမှ ညွှန်ကြားရေးမှူး မစ္စတာ ဟိဒဲအကိမိဇူကိုရီလည်း လိုက်ပါလာသည်။

(သတင်းစဉ်)

ဗဟန်းမြို့နယ် အမှတ် (၁၀) အခြေခံပညာ မူလတန်းကျောင်း၏ ၂၀၀၄-၂၀၀၅ခု အခြေခံပညာမူလတန်းအဆင့် သင်ယူပြီးမြောက်ခြင်းလက်မှတ်ပေးအပ်ပွဲအခမ်းအနားကို မတ် ၂၀ရက်က တေဇခန်းမ၌ ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်စိန်မြိုင်က ကျောင်းသူတစ်ဦးအား သင်ယူပြီးမြောက်ခြင်းလက်မှတ် ပေးအပ်စဉ်။ (ကြေးမုံ)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂၃-၃-၂၀၀၅ (ဗုဒ္ဓဟူးနေ့)

၁၃၆၆ခုနှစ်၊ တပေါင်းလဆန်း(၁၄)ရက်(အဖိတ်နေ့)

နံနက်ပိုင်း

၇:၀၀ ၁။ **ကျေးစူးရှင်မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကရေ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**
၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၇:၅၀ ၅။ မြူးမြူးကြွကြွယဉ်ကျေးမှုအက
၈:၀၀ ၆။ အတီးပြိုင်ပွဲ
၈:၁၀ ၇။ ရှမ်းပြည်နယ်တောင်ပိုင်း လင်းခေးတံတား
၈:၂၀ ၈။ နှစ်(၆၀)ပြည့်တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
၈:၃၀ ၉။ International News.
၈:၄၅ ၁၀။ Let' Go.
၉:၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄:၃၀ ၃။ Demonstration Exercises for Correct Pronunciation.
၄:၄၀ ၄။ တေးဂီတအစီအစဉ်
၄:၅၀ ၅။ တပ်မတော်နေ့ဂုဏ်ပြု တေးသီချင်းပြိုင်ပွဲဆုရတေးများ (၂၀၀၅ခုနှစ်)
၅:၀၀ ၆။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ - ပထမနှစ် (သတ္တဗေဒအထူးပြု) (သတ္တဗေဒ)
၅:၁၅ ၇။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၅:၃၀ ၈။ သီချင်းကြီးပဒေသာ
၅:၄၅ ၉။ **“ကုသမနေးတီဘီဘော:”** (ရာဇာနေဝင်း၊ သုမောင်၊ ညီကျော်၊ မတူး) [ဒါရိုက်တာ-ပန်းချီစိုးမိုး]
၅:၅၅ ၁၀။ ရှုဖွယ်စုံလင်အာဆီယံ အစီအစဉ်
၆:၀၅ ၁၁။ Discovery.
၆:၁၅ ၁၂။ နှစ်(၆၀)ပြည့်တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
၆:၃၀ ၁၃။ ညနေခင်းသတင်း
၇:၀၀ ၁၄။ မိုးလေဝသအခြေအနေ
၇:၀၅ ၁၅။ ငယ်စဉ်အခါပညာရှာ
၇:၁၅ ၁၆။ နှစ်(၆၀)ပြည့်တပ်မတော်နေ့ အထိမ်းအမှတ် ကွန်ပျူတာပန်းချီပြိုင်ပွဲ
၇:၃၀ ၁၇။ အမျိုးသားညီလာခံ ဂုဏ်ပြုတေး
၇:၄၅ ၁၈။ ပြည်သူ့အတွက်တပ်မတော် “ကျန်းမာရေး၊ သိပ္ပံနည်းပညာ၊ မူးယစ်၊ ပညာရေး”
၈:၀၀ ၁၉။ ပြည်တွင်းသတင်း
၂၀။ နိုင်ငံတကာသတင်းများ
၂၁။ မိုးလေဝသအခြေအနေ
၂၂။ **နွေးဦးဆောင်းနှောင်း လတာပေါင်း(အပိုင်း-၁)**
၂၃။ **မမှောင်သောအလင်း (အပိုင်း-၁၄) “ဘဝကိုပြောင်းစေနိုင်သော အကြံကောင်းလေးတစ်ချက်” (ဖိုးသောကြာ၊ ဇော်ကြိုက်၊ မေသဉ္ဇာဦး၊ ရတနာဦး၊ ပွင့်နဒီမောင်၊ သူသူဟံသာ) [ဒါရိုက်တာ-သက်တင်]**
၂၄။ နောက်တစ်နေ့အစီအစဉ်
၂၅။ အစီအစဉ်ပြီး၏။

ခေတ်အဆက်ဆက် ပြည်သူ့အတွက် တပ်မတော်

မြန်မာ့သမိုင်းဖြစ်စဉ်များတွင် တပ်မတော် အင်အားရှိသောကာလများ၌ နိုင်ငံ့အင်အားရှိခဲ့ ကြောင်း၊ တပ်မတော် အင်အားလျော့နည်း ကျဆင်းခဲ့သော ကာလများတွင် နိုင်ငံအင်အား ယုတ်လျော့ပြီး တိုင်းတစ်ပါးနယ်ချဲ့လက်အောက် သို့ ကျရောက်ခဲ့ရကြောင်း လေ့လာတွေ့ရှိခဲ့ရပြီး ဖြစ်သည်။

၁၈၈၅ခုနှစ် နိုဝင်ဘာလ ၂၉ ရက်နေ့တွင် နယ်ချဲ့အင်္ဂလိပ်တို့က မြန်မာတို့၏ နောက်ဆုံး ဘုရင် သီပေါမင်းကို ဖမ်းဆီးခေါ်ဆောင်သွား ပြီးနောက် မြန်မာနိုင်ငံသည် သူ့ကျွန်ဘဝရောက် ခဲ့ရသည်။

ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်း စသော တိုင်းရင်းသားညီအစ်ကိုများ သည် မြန်မာ့ပိုင်နက်နယ်မြေသို့ နယ်ချဲ့တို့ ကျူးကျော် ဝင်ရောက်လာသည့် ၁၇ ရာစုနှစ် ဝန်းကျင်ခန့်ကပင်နယ်ချဲ့ဆန့်ကျင်ရေးစိတ်ဓာတ် ဖြင့် တွန်းလှန်တိုက်ခိုက်ခဲ့ကြသည်။ ၁၉ရာစု နှောင်းပိုင်းတွင် နယ်ချဲ့ဗြိတိသျှလက်အောက် ကျရောက်ခဲ့ရသော်လည်း တိုင်းရင်းသားညီအစ်ကို တို့သည် မျိုးချစ်စိတ်၊ နိုင်ငံချစ်စိတ်ပြည့်ဝစွာဖြင့် မိမိတို့ဒေသအသီးသီးမှ နယ်ချဲ့များကို တွန်းလှန် ခဲ့ကြသည်။ သို့ရာတွင် တစ်နေရာနှင့်တစ်နေရာ လမ်းခရီးဝေးလံမှု၊ ဆက်သွယ်ရေးမလွယ်ကူမှု တို့ကြောင့် တိုင်းရင်းသား ညီအစ်ကိုအချင်းချင်း စုစည်းနိုင်မှု မရှိခဲ့ချေ။ ထို့ကြောင့် နယ်ချဲ့တို့ကို တွန်းလှန်ရာတွင် တစ်နယ်တွင် အောင်မြင်သော် လည်း တစ်နယ်တွင် မအောင်မြင်ခဲ့ပေ။

မြန်မာတိုင်းရင်းသားတို့၏ မျိုးချစ်စိတ်ဓာတ် ကို သိမြင်သော နယ်ချဲ့တို့က တိုင်းရင်းသားများ စုစည်းမှု မပြုနိုင်စေရန် သွေးခွဲအုပ်ချုပ်နည်း မျိုးစုံဖြင့် မြန်မာနိုင်ငံကို အုပ်ချုပ်ခဲ့သောကြောင့် တိုင်းရင်းသား ညီအစ်ကိုများစုစည်း၍ မရ နိုင်ဘဲ မိမိတို့ဒေသ လုံခြုံရေးအတွက်သာ အစဉ် တစိုက်ကြိုးပမ်းခဲ့ကြရသည်။

နယ်ချဲ့လက်အောက် နှစ်ပေါင်း ၁၀၀ကျော် ကျရောက်ခဲ့ရသည့်ကာလအတွင်း တိုင်းရင်း သားညီအစ်ကိုများသည် နယ်ချဲ့ဆန့်ကျင်ရေးနှင့် အမျိုးသားလွတ်မြောက်ရေး တိုက်ပွဲစဉ်ကြီးများ ကို ဒေသအလိုက်၊ ကာလအလိုက် နည်းမျိုးစုံဖြင့် ဆင်နွှဲခဲ့ကြသည်။ ထိုသမိုင်း အတွေ့အကြုံများ အရ မြန်မာနိုင်ငံတစ်နိုင်ငံလုံး သူ့ကျွန်ဘဝက လွတ်မြောက်ရေးအတွက် နယ်ချဲ့တို့ကို တစ်နယ် တစ်ဒေသချင်းက တွန်းလှန်နေရုံမျှဖြင့် မအောင်မြင်နိုင်ဘဲ စုစည်းမှု အင်အားကောင်း သော၊ တိုင်းရင်းသားညီအစ်ကိုများ စုပေါင်း ပါဝင်သော ခေတ်မီတပ်မတော်တစ်ရပ် ဖွဲ့စည်း ပြီး တစ်ချိန်တည်း တစ်ပြိုင်တည်း နယ်ချဲ့တို့ကို တွန်းလှန်နိုင်မှသာ အောင်မြင်နိုင်မည်ဖြစ်ကြောင်း သိရှိလာခဲ့ကြသည်။

ထို့ကြောင့် တိုင်းရင်းသားလူငယ်များ စုစည်း ပါဝင်သော ရဲဘော်သုံးကျိပ်သည် ဟိုင်နန်ကျွန်း သို့ စစ်ပညာသင်ရန် သွားရောက်ခဲ့ကြသည်။ ၎င်းနောက် ရဲဘော်သုံးကျိပ်သည် ဗြိတိသျှနယ်ချဲ့ ဆန့်ကျင်ရေးနှင့် မြန်မာ့လွတ်လပ်ရေးအတွက် ၁၉၄၁ ခုနှစ် ဒီဇင်ဘာ ၂၇ ရက်နေ့တွင် ဗမာ့ လွတ်လပ်ရေးတပ်မတော် (B.I.A) ကို ဖွဲ့စည်းခဲ့ သည်။ ဗမာ့လွတ်လပ်ရေးတပ်မတော် မြန်မာနိုင်ငံ အတွင်းသို့ ချီတက်ရာ လမ်းတစ်လျှောက်တွင် တိုင်းရင်းသားပြည်သူများသည် နိုင်ငံရေးအသိ နိုးကြားစွာဖြင့် လွတ်လပ်ရေးအတွက် တိုက်ပွဲဝင် ရန် တပ်မတော်အတွင်းသို့ ဝင်ရောက်လာကြ သည်။ထိုအချိန်တွင် ဗမာ့လွတ်လပ်ရေးတပ်မတော် သို့ အလုပ်သမားများ၊ လယ်သမားများ၊ ကျောင်း ဆရာများ၊ လူငယ်လူရွယ်များ၊ အချို့ သံဃာတော် များပင် လူဝတ်လဲ၍ ဝင်ရောက်ခဲ့ရာ အင်အား သုံးသောင်းကျော်အထိ တိုးပွားလာခဲ့သည်။

တိုင်းရင်းသားပြည်သူတို့သည် မည်သူတစ်ဦး တစ်ယောက်၏ တိုက်တွန်းချက်မျှ မပါရှိဘဲ နိုင်ငံ့ လွတ်လပ်ရေးအတွက် နယ်ချဲ့တို့ကို လက်နက် ကိုင်၍တိုက်ပွဲဝင်မှရမည်ဟူသော ယုံကြည်ချက်ဖြင့် လည်းကောင်း၊ တိုင်းချစ်ပြည်ချစ်စိတ်၊ မျိုးချစ် စိတ်တို့ ပြင်းပြ ကြီးမားလှသည့်အတွက်ကြောင့် လည်းကောင်း မိမိတို့၏ဆန္ဒနှင့် တပ်မတော် အတွင်းသို့ ဝင်ရောက်ခဲ့ကြခြင်းဖြစ်သည်။

ဗမာ့လွတ်လပ်ရေးတပ်မတော်သည်မော်လမြိုင် ကို သိမ်းပြီးနောက် ၁၉၄၂ခုနှစ် မတ်လ၈ရက်နေ့ တွင် ရန်ကုန်မြို့ကို ပြန်လည်သိမ်းပိုက်နိုင်ခဲ့သည်။

၁၉၄၅ ခုနှစ် မတ်လက ဖက်ဆစ် တို့အား တိုက်ခိုက်နေသည့် မြန်မာ့မျိုးချစ် ပြောက်ကျားများအား တိုက်ပွဲတစ်နေရာတွင် တွေ့ရစဉ်။

ဤတွင် ဖက်ဆစ်တို့ တစ်စခန်းထလာခဲ့သည်။ ဗမာ့လွတ်လပ်ရေးတပ်မတော်နှင့်အတူ မြန်မာပြည် အတွင်းသို့ ဝင်ရောက်ခဲ့သော ဖက်ဆစ်တို့သည် မော်လမြိုင်ကိုသိမ်းပိုက်ပြီးနောက် လွတ်လပ်ရေး ပေးမည်ဟူသော ကတိစကားကို ဖျက်တော့သည်။ ဗမာ့လွတ်လပ်ရေးတပ်မတော်အင်အားကြီးမားလာမှု ကို ထိတ်လန့်လာသည်။

ဖက်ဆစ်တို့သည် မူလကပင် မြန်မာနိုင်ငံ အတွင်းသို့ဝင်ရောက်နယ်ချဲ့နေရာယူ ကြီးစိုးရန် အကြံအစည်ရှိခဲ့ရာ ဗမာ့လွတ်လပ်ရေး တပ်မတော် အင်အားကြီးမားမှုကို ဖြိုခွဲရန် စီမံလေတော့သည်။ ဖက်ဆစ်တို့သည် ဘီအိုင်အေကဖွဲ့စည်းထားသော မြို့ပြအုပ်ချုပ်ရေးအဖွဲ့များကို ဖျက်သိမ်းခြင်း၊ဘီအိုင် အေ၏ စစ်ရေးဆိုင်ရာများတွင် ဝင်ရောက် စွက်ဖက်ခြင်း၊ နောက်ဆုံးလွတ်လပ်ရေး အတုကို ကြေညာပြီး ဘီအိုင်အေကိုဖျက်သိမ်း၍ အင်အား ၃၀၀၀မျှသာရှိသော ဗမာ့ကာကွယ်ရေးတပ်မတော် (B.D.A)ကိုပြင်ဆင်ဖွဲ့စည်းစေခဲ့သည်။အကြောင်း ရင်းမှာ ဘီအိုင်အေသည် လွတ်လပ်ရေးအတွက် ဖွဲ့စည်းထားခြင်းဖြစ်၍ မြန်မာနိုင်ငံ လွတ်လပ်ရေး မရမချင်း ပြင်းထန်သောမျိုးချစ်စိတ်ဖြင့် မည်သည့် နိုင်ငံခြားတပ်နှင့် မည်သည့်နယ်ချဲ့အစိုးရကိုမဆို အချိန်မရွေး တော်လှန်တိုက်ခိုက်နိုင်စွမ်းရှိသည်ဟု ဖက်ဆစ်တို့ မျက်မြင်တွေ့ရှိထားသဖြင့် ဘီအိုင် အေ အင်အားကို ယခုကဲ့သို့ လျှော့ချ လိုက်ခြင်း ဖြစ်သည်။ ၁၉၄၂ခုနှစ် ဇူလိုင်လ ၂၇ရက် နေ့တွင် ဗမာ့ကာကွယ်ရေးတပ်မတော် (B.D.A) ကို ဖွဲ့စည်းခဲ့သည်။ လွတ်လပ်ရေးအတွက် တိုက်ပွဲ ဝင်ရန် လိုက်ပါလာခဲ့ကြသည့် လူငယ်အချို့မှာ တပ်မတော်တွင် ဝင်ရောက်စစ်မှုထမ်းခွင့်မရ တော့သဖြင့် ဝမ်းနည်းကြေကွဲစွာ နေရပ်ပြန်ကြ ရသည်။

လွတ်လပ်ရေးကို မဖြစ်မနေရယူလိုသော မျိုးချ… စိတ်ဓာတ်တို့ကား တပ်မတော်အတွင်း တစ်စတစ… ကြီးထွားလာခဲ့သည်။ ၎င်းကို ဖက်ဆစ်တို့… ရိပ်စားမိသဖြင့် ဗမာ့ကာကွယ်ရေးတပ်မတော်… အရာရှိများကိုပင် အကွက်ဆင်၍ ဖမ်းဆီးနှိပ်စ… လေတော့သည်။ ထိုကာလအတွင်း ဖက်ဆစ်တို့… လုံ့ခွပ်အောက်တွင် အသက်ဆုံးရှုံးခဲ့ရသော တပ်မတေ… သားများနှင့် တိုင်းရင်းသား ပြည်သူများ၏ အ… အတွက်လည်း တဖြည်းဖြည်းများလာခဲ့သည်…

ဖက်ဆစ်တို့၏ရက်စက်မှုများကိုတိုင်းရင်းသ… ပြည်သူများ မျက်ဝါးထင်ထင် တွေ့မြင်လာသေ… အခါ တိုင်းရင်းသားပြည်သူများသည် တပ်မတေ… နှင့်လက်တွဲ၍ ဖက်ဆစ်တို့ကို တွန်းလှန်… ပြင်ဆင်တော့သည်။ ထိုအချိန်တွင် နိုင်ငံရေးအ… လက်ဝဲလက်ယာ အယူကွဲနေကြသော နိုင်ငံရေ… ပါတီများဖြစ်သည့် ပြည်သူ့အရေးတော်ပုံပါတီ… ကွန်မြူနစ် ပါတီတို့ကလည်း ဖက်ဆစ်တိုက်ဖျ… ရေး ပြည်သူ့အဖွဲ့ချုပ် ဖွဲ့စည်းပြီးတပ်မတော်… အတူ ပူးပေါင်းလျက် ဖက်ဆစ်တို့ကို တွန်းလှ… ရန် စီစဉ်ခဲ့သည်။

လွတ်လပ်ရေးကြိုးပမ်းမှုနှင့်အတူ …

မြန်မာ့လွတ်လပ်ရေး ကြိုးပမ်းမှုနှင့်အတူ ဖြစ်တည် ပေါ်ပေါက်လာသော မြန်မာ့တပ်မတော်သည် နိုင်ငံနှင့်လူမျိုး အတွက် ဖော်ပြပါ မြင့်မြတ်သောခံယူချက်၊ သံမဏိ စိတ်ဓာတ်တို့ကို ရင်ဝယ်ပိုက်လျက် နိုင်ငံလွတ်လပ်ရေး၊ နိုင်ငံကာကွယ်ရေး၊ နိုင်ငံအေးချမ်းရေးတို့အတွက် မြန်မာ့ သမိုင်းစဉ်တစ်လျှောက် ကာကွယ်ထိန်းသိမ်းသွားမည်မှာ မလွဲကေန် မှန်ကန်နေမည့် နိယာမတရားပင်ဖြစ်သည်။

၁၉၄၅ ခုနှစ် မတ်လ အတွင်း ဖက်ဆစ် တို့အား တိုက်ခိုက် နေသော မျိုးချစ် ဗမာ့ ပြောက်ကျား တပ်ဖွဲ့ဝင် အချို့ လုံ့ခွပ် ထိုး လေ့ကျင့်နေကြ စဉ်။

ဗမာ့လွတ်လပ်ရေးတပ်မတော် ခေါင်းဆောင် များသည် တပ်မတော်ကို အရည်အသွေးမြင့်မား စေရန်၊ အင်အားကျစ်လျစ် ခိုင်မာစေရန် အခက် အခဲများကြားကပေးလာသည့် အခြေအနေပေါ် တွင် ကြိုးစားတည်ဆောက်ခဲ့ကြသည်။ မြန်မာ တိုင်းရင်းသား အားလုံးသည် ယခင်က မရှိခဲ့ဖူး၊ မတွေ့မမြင်ခဲ့ရဖူးသည့် အမျိုးသားတပ်မတော် တစ်ရပ်အတွက် အားခဲ မျှော်လင့်ခဲ့ကြသည်။ ထို့ကြောင့်လည်း တိုင်းရင်းသားလူငယ်တို့သည် နိုင်ငံအတွက်၎င်းတို့ အသက်ကိုပေးလှူပါမည် ဟူသော ခံယူချက်ဖြင့် တပ်မတော်ထဲဝင်ခဲ့ကြ ခြင်း ဖြစ်သည်။

ဗမာ့လွတ်လပ်ရေးတပ်မတော်ကိုဗမာ့ကာကွယ် ရေး တပ်မတော်ဟု ပြောင်းလဲဖွဲ့စည်းခဲ့သဖြင့် တပ်မတော်အတွင်း၌ လူအင်အားလျော့နည်းသွား ခဲ့သော်လည်း ဖက်ဆစ်ဆန့်ကျင်ရေးစိတ်ဓာတ်၊

ထို့နောက် ၁၉၄၅ခုနှစ် မတ်လ ၁ရက်နေ… ၃ရက်နေ့အထိ ကျင်းပသော ဖက်ဆစ်တော်လှ… ရေးနှင့်ပတ်သက်သည့် အစည်းအဝေးတစ်ရပ်… "ဖက်ဆစ်တိုက်ဖျက်ရေးပြည်သူ့အဖွဲ့ချုပ်"… "ဖက်ဆစ်တိုက်ဖျက်ရေး ပြည်သူ့လွတ်လပ်… အဖွဲ့ချုပ်" ဟု ပြင်ဆင်ဖွဲ့စည်းလိုက်ပြီး ဖက်ဆ… တော်လှန်ရေး ဆင်နွှဲရန် စစ်တိုင်းများခွဲခြ… စစ်နယ်မြေများသတ်မှတ်ခြင်း၊ စစ်ရေးနှင့် နို… ရေး ခေါင်းဆောင်များ ရွေးချယ်ခြင်းစသည်တို့… ဆွေးနွေးဆုံးဖြတ်ခဲ့ကြသည်။

ဖက်ဆစ်တော်လှန်ရေးဆင်နွှဲရန် စစ်တိုင်း… များအဖြစ် ပြည်၊သာယာဝတီ၊ အင်းစိန်ဒေသအ… တိုင်း(၁)ဟူ၍လည်းကောင်း၊ ဟံသာဝတီ၊ ဖျာ… မအူပင်ဒေသအား တိုင်း(၂) ဟူ၍ လည်းကော… ပုသိမ်၊ ဟင်္သာတ၊ မြောင်းမြဒေသအား တိုင်း(… ဟူ၍ လည်းကောင်း၊ ပဲခူး၊ ရွှေကျင်၊ သထုံဒေ… အား တိုင်း(၄)ဟူ၍ လည်းကောင်း၊ မော်လမြို… ထားဝယ်၊ မြိတ်ဒေသအား တိုင်း(၅) ဟူ… လည်းကောင်း၊ပျဉ်းမနား၊တောင်ငူ၊ရှမ်းပြည်န… (တောင်ပိုင်း)ဒေသအား တိုင်း(၆)ဟူ၍ လည… ကောင်း၊ သရက်၊ အာလံ၊ မကွေး၊ မင်းဘူးဒေ… အား တိုင်း(၇)ဟူ၍ လည်းကောင်း သတ်မှ… ဖွဲ့စည်းခဲ့သည်။

မြန်မာ့လွတ်လပ်ရေးကို ရယူရန်အတွ… ဖက်ဆစ်တို့ကို တော်လှန်ရာတွင် ဒေသတစ… ချင်းစီက ရှိသည့်အင်အား၊ ရှိသည့်လက်နက်… သင့်ရာအချိန်တွင် ထကြွတိုက်ခိုက်နေမည့်အစ… တိုင်းရင်းသားအားလုံး တစုတစည်းတည်း… နေရာဒေသအသီးသီးတွင် တစ်ချိန်တည်းတစ်ပြ… တည်း တော်လှန်တိုက်ခိုက်ခြင်းက ထိရော… အောင်မြင်မှုရှိသည်ကို ရှေးခေတ် မြန်မာ့သမိ… အရ သိရှိပြီးဖြစ်သည်။ ထို့ကြောင့် ၁၉၄၅ ခု… မတ်လ ၂၇ ရက်နေ့တွင် တစ်ချိန်တည်းတစ်ပြ… တည်း တိုင်းပြည်နှင့်အဝန်း ဒေသအသီးသီးတ… ဖက်ဆစ်တော်လှန်ရေးကို စတင်ခဲ့တော့သည်…

ဖက်ဆစ်တော်လှန်ရေးတွင် မြန်မာ့တပ်မတေ… နှင့်အတူ တိုင်းရင်းသားပြည်သူများ၊ မျိုးချ… ပြောက်ကျားများသည် အသက်ကို ပဓာနမထ… ဘဲ ဖက်ဆစ်တို့ကို တော်လှန်တိုက်ခိုက်ခဲ့ကြသ… တော်လှန်ရေးကာလတစ်လျှောက်လုံးတွင် မြန်… တပ်မတော်နှင့် အတူ တိုင်းရင်းသား ပြည်သူ… အသက်ပေါင်းများစွာ ပေးလှူခဲ့ကြရသ… တပ်မတော်နှင့်ပြည်သူ ပူးပေါင်းဆောင်ရွက်… ကြောင့် အောင်ပွဲများ ဆက်တိုက်ရရှိခဲ့သည်…

လွတ်လပ်ရေးအတွက် မြန်မာ့တပ်မတော်… ခံယူချက်နှင့် စပ်လျဉ်း၍ ကမ္ဘာကသိစေရန် ၁၉…

လွတ်လပ်ရေးကို မဖြစ်မနေရယူလိုသော မျိုးချစ်စိတ်ဓာတ်တို့ကား တပ်မတော်အတွင်း တစ်စတစ်စ ကြီးထွားလာခဲ့သည်။ ၎င်းကို ဖက်ဆစ်တို့က ရိပ်စားမိသဖြင့် ဗမာ့ကာကွယ်ရေးတပ်မတော်မှ အရာရှိများကိုပင် အကွက်ဆင်၍ ဖမ်းဆီးနှိပ်စက်လေတော့သည်။ ထိုကာလအတွင်း ဖက်ဆစ်တို့၏ လှံစွပ်အောက်တွင် အသက်ဆုံးရှုံးခဲ့ရသော တပ်မတော်သားများနှင့် တိုင်းရင်းသား ပြည်သူများ၏ အရေအတွက်လည်း တဖြည်းဖြည်းများလာခဲ့သည်။

ဖက်ဆစ်တို့၏ရက်စက်မှုများကိုတိုင်းရင်းသားပြည်သူများ မျက်ဝါးထင်ထင် တွေ့မြင်လာသောအခါ တိုင်းရင်းသားပြည်သူများသည် တပ်မတော်နှင့်လက်တွဲ၍ ဖက်ဆစ်တို့ကို တွန်းလှန်ရန်ပြင်ဆင်တော့သည်။ ထိုအချိန်တွင် နိုင်ငံရေးအရ လက်ဝဲလက်ယာ အယူကွဲနေကြသော နိုင်ငံရေးပါတီများဖြစ်သည့် ပြည်သူ့အရေးတော်ပုံပါတီနှင့် ကွန်မြူနစ် ပါတီတို့ကလည်း ဖက်ဆစ်တိုက်ဖျက်ရေး ပြည်သူ့အဖွဲ့ချုပ် ဖွဲ့စည်းပြီးတပ်မတော်နှင့်အတူ ပူးပေါင်းလျက် ဖက်ဆစ်တို့ကို တွန်းလှန်ရန် စီစဉ်ခဲ့သည်။



ဖက်ဆစ်တို့အား မြန်မာ့မြေပေါ်က ဖယ်ရှားတိုက်ထုတ်ပစ်ရန်အတွက် ဖက်ဆစ်တော်လှန်ရေး စတင်ဆင်နွှဲရန် မြန်မာ့တပ်မတော်သားများ စစ်ချီထွက်ခွာကြစဉ်။

ိုးပမ်းမှုနှင့်အတူ ပေါ်ပေါက်လာသော မြန်မာ့တပ်မတော်

မြင့်ဝေလှိုင်

ထို့နောက် ၁၉၄၅ခုနှစ် မတ်လ ၁ရက်နေ့မှ ၃ရက်နေ့အထိ ကျင်းပသော ဖက်ဆစ်တော်လှန်ရေးနှင့်ပတ်သက်သည့် အစည်းအဝေးတစ်ရပ်က "ဖက်ဆစ်တိုက်ဖျက်ရေးပြည်သူ့အဖွဲ့ချုပ်"ကို "ဖက်ဆစ်တိုက်ဖျက်ရေး ပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ်" ဟု ပြင်ဆင်ဖွဲ့စည်းလိုက်ပြီး ဖက်ဆစ်တော်လှန်ရေး ဆင်နွှဲရန် စစ်တိုင်းများခွဲခြင်း၊ စစ်နယ်မြေများသတ်မှတ်ခြင်း၊ စစ်ရေးနှင့် နိုင်ငံရေး ခေါင်းဆောင်များ ရွေးချယ်ခြင်းစသည်တို့ကို ဆွေးနွေးဆုံးဖြတ်ခဲ့ကြသည်။

ဖက်ဆစ်တော်လှန်ရေးဆင်နွှဲရန် စစ်တိုင်းကြီးများအဖြစ် ပြည်၊သာယာဝတီ၊ အင်းစိန်ဒေသအား တိုင်း(၁)ဟူ၍လည်းကောင်း၊ ဟံသာဝတီ၊ ဖျာပုံ၊ မအူပင်ဒေသအား တိုင်း(၂) ဟူ၍ လည်းကောင်း၊ ပုသိမ်၊ ဟင်္သာတ၊ မြောင်းမြဒေသအား တိုင်း(၃) ဟူ၍ လည်းကောင်း၊ ပဲခူး၊ ရွှေကျင်၊ သထုံဒေသအား တိုင်း(၄)ဟူ၍ လည်းကောင်း၊ မော်လမြိုင်၊ ထားဝယ်၊ မြိတ်ဒေသအား တိုင်း(၅) ဟူ၍ လည်းကောင်း၊ ပျဉ်းမနား၊ တောင်ငူ၊ ရှမ်းပြည်နယ် (တောင်ပိုင်း)ဒေသအား တိုင်း(၆)ဟူ၍ လည်းကောင်း၊ သရက်၊ အာလံ၊ မကွေး၊ မင်းဘူးဒေသအား တိုင်း(၇)ဟူ၍ လည်းကောင်း သတ်မှတ်ဖွဲ့စည်းခဲ့သည်။

မြန်မာ့လွတ်လပ်ရေးကို ရယူရန်အတွက် ဖက်ဆစ်တို့ကို တော်လှန်ရာတွင် ဒေသတစ်ခုချင်းစီက ရှိသည့်အင်အား၊ ရှိသည့်လက်နက်ဖြင့် သင့်ရာအချိန်တွင် ထကြွတိုက်ခိုက်နေမည့်အစား တိုင်းရင်းသားအားလုံး တစုတစည်းတည်းဖြင့် နေရာဒေသအသီးသီးတွင် တစ်ချိန်တည်းတစ်ပြိုင်တည်း တော်လှန်တိုက်ခိုက်ခြင်းက ထိရောက်အောင်မြင်မှုရှိသည်ကို ရှေးခေတ် မြန်မာ့သမိုင်းအရ သိရှိပြီးဖြစ်သည်။ ထို့ကြောင့် ၁၉၄၅ ခုနှစ် မတ်လ ၂၇ ရက်နေ့တွင် တစ်ချိန်တည်းတစ်ပြိုင်တည်း တိုင်းပြည်နှင့်အဝန်း ဒေသအသီးသီးတွင် ဖက်ဆစ်တော်လှန်ရေးကို စတင်ခဲ့တော့သည်။

ဖက်ဆစ်တော်လှန်ရေးတွင် မြန်မာ့တပ်မတော်နှင့်အတူ တိုင်းရင်းသားပြည်သူများ၊ မျိုးချစ်ပြောက်ကျားများသည် အသက်ကို ပဓာနမထားဘဲ ဖက်ဆစ်တို့ကို တော်လှန်တိုက်ခိုက်ခဲ့ကြသည်။ တော်လှန်ရေးကာလတစ်လျှောက်လုံးတွင် မြန်မာ့တပ်မတော်နှင့် အတူ တိုင်းရင်းသား ပြည်သူတို့ အသက်ပေါင်းများစွာ ပေးလှူခဲ့ကြရသည်။ တပ်မတော်နှင့်ပြည်သူ ပူးပေါင်းဆောင်ရွက်မှုကြောင့် အောင်ပွဲများ ဆက်တိုက်ရရှိခဲ့သည်။

လွတ်လပ်ရေးအတွက် မြန်မာ့တပ်မတော်၏ ခံယူချက်နှင့် စပ်လျဉ်း၍ ကမ္ဘာကသိစေရန် ၁၉၄၅ ခုနှစ် မေလ ၇ ရက်နေ့နှင့် မေလ ၁၀ရက်နေ့တို့တွင် တပ်မတော်က သတင်းစာရှင်းလင်းပွဲ ပြုလုပ်ရာ၌–

"မိမိတို့သည် လွတ်လပ်ရေးအတွက် အင်္ဂလိပ်ကိုလည်းကောင်း၊ ဖက်ဆစ်တို့ကို လည်းကောင်း နှစ်ကြိမ်တိုင်တိုင် တိုက်ခိုက်ခဲ့ကြပြီး နောင်ကိုလည်း လုံးဝ လွတ်လပ်ရေး ရရှိရေးအတွက် မြန်မာ့တပ်မတော်က အသက်စွန့်ရန် အသင့်ရှိကြောင်း"

ဖြင့် ထည့်သွင်း ရှင်းလင်းပြောကြားခဲ့သည်။

၎င်းမှာ မြန်မာ့တပ်မတော်စတင်သန္ဓေတည်ကတည်းက တည်ရှိခဲ့သော နိုင်ငံနှင့်လူမျိုးအတွက် ခိုင်ကျည်မြဲမြံသည့် မြင့်မြတ်သောခံယူချက်နှင့် သံမဏိစိတ်ဓာတ်ပင် ဖြစ်တော့သည်။

မြန်မာ့လွတ်လပ်ရေး ကြိုးပမ်းမှုနှင့်အတူ ဖြစ်တည်ပေါ်ပေါက်လာသော မြန်မာ့တပ်မတော်သည် နိုင်ငံနှင့်လူမျိုးအတွက် ဖော်ပြပါ မြင့်မြတ်သော ခံယူချက်၊ သံမဏိစိတ်ဓာတ်တို့ကို ရင်ဝယ်ပိုက်လျက် နိုင်ငံလွတ်လပ်ရေး၊ နိုင်ငံကာကွယ်ရေး၊ နိုင်ငံအေးချမ်းရေးတို့အတွက် မြန်မာ့သမိုင်းစဉ်တစ်လျှောက် ဆက်လက်ကာကွယ်ထိန်းသိမ်းသွားမည်မှာ မလွဲကေန် မှန်ကန်နေမည့် နိယာမတရားပင်ဖြစ်သည်။

ကချင်၊ကယား၊ ကရင်၊ချင်း၊ ဗမာ၊မွန်၊ ရခိုင်၊ ရှမ်း စသည့် မြန်မာတိုင်းရင်းသားပြည်သူတို့သည် မြန်မာ့တပ်မတော်နှင့်အတူ ဖက်ဆစ်တော်လှန်ရေးတွင် ကျရာတာဝန်ကို နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်ထက်သန်စွာဖြင့်ပါဝင်ထမ်းဆောင်ခဲ့ကြသည်။ အနိမ့်ဆုံးတာဝန်အဖြစ် ကျေးရွာနယ်မြေအလိုက် ဖက်ဆစ်တို့၏ စစ်ရေးလှုပ်ရှားမှုသတင်းများကို တပ်မတော်သို့ ပေးပို့ခဲ့ကြသဖြင့် တပ်မတော်သည် ဖက်ဆစ်တို့၏စစ်ချီရာလမ်းကြောင်းများကို ပြောက်ကျားစနစ်ဖြင့် ဖြတ်တောက်တိုက်ခိုက်ခြင်း၊ ဖက်ဆစ်တို့၏ တပ်စခန်းများအား အလစ်အငိုက် ဝင်ရောက်စီးနင်းတိုက်ခိုက်ခြင်းတို့ကြောင့်ဖက်ဆစ်တို့သည် လူသူလက်နက် အကျအဆုံးများစွာရှိခဲ့သည်။ တပ်မတော်နှင့် ပြည်သူတို့၏ စည်းလုံးညီညွတ်မှုစွမ်းရည်ကို လေးစားကြောက်ရွံ့ခဲ့ကြသည်။

မြန်မာ့တပ်မတော်သည် စစ်ရေးစွမ်းရည်၊ အုပ်ချုပ်ရေးစွမ်းရည်၊ စည်းရုံးရေးစွမ်းရည်ပြည့်ဝစွာဖြင့် ရဟန်းရှင်လူ ပြည်သူတို့နှင့်အတူ ဖက်ဆစ်တော်လှန်ရေးကို အောင်မြင်စွာ ဆင်နွှဲနိုင်ခဲ့ခြင်းကို

၁၉၄၂ခုနှစ် မတ်လ ၈ရက်တွင် ဘီ၊ အိုင်၊ အေ ဗမာ့ လွတ်လပ်ရေး တပ်မတော် တစ်စိတ်တစ်ဒေသ ရန်ကုန်မြို့သို့ချီတက်လာစဉ်။

နယ်ချဲ့ဗြိတိသျှတို့ကလည်း အလေးထားစိုးရွံ့လာခဲ့ကြသည်။ ထို့ကြောင့် ဖက်ဆစ်တော်လှန်ရေးအပြီးတွင် မြန်မာနိုင်ငံသို့ ပြန်လည်ဝင်ရောက်လာသော နယ်ချဲ့ဗြိတိသျှတို့သည် မြန်မာနိုင်ငံအား ယခင်ကကဲ့သို့ ကျွန်သက်ရှည်စွာ အုပ်ချုပ်ရန် မစွမ်းသာတော့ပေ။ အမျိုးသားတပ်မတော်ကြီး တည်ရှိနေပြီး တစ်မျိုးသားလုံးက တပ်မတော်၏ ကျောထောက်နောက်ခံအဖြစ် ရပ်တည်နေခြင်းကြောင့် နယ်ချဲ့ဗြိတိသျှတို့သည် မလွှဲသာမရှောင်သာတော့ဘဲ ၁၉၄၈ခုနှစ် ဇန်နဝါရီလ ၄ရက်နေ့တွင် မြန်မာ့လွတ်လပ်ရေးကို ပြန်လည်ပေးအပ်ခဲ့ရခြင်းဖြစ်သည်။

မြန်မာ့လွတ်လပ်ရေးဆုံးရှုံး၍ သူ့ကျွန်ဘဝရောက်ခဲ့ရသည်မှာ လပိုင်း၊ ရက်ပိုင်းမျှသာကြာသော်လည်း မြန်မာ့လွတ်လပ်ရေး ပြန်လည်ရရှိရန်အတွက် နှစ်ပေါင်းများစွာ ကြာညောင်းခဲ့ရသည်။ အသက်ပေါင်းများစွာ ပေးဆပ်ခဲ့ရသည်။ မြန်မာ့လွတ်လပ်ရေး ပြန်လည်ရရှိရန် မြန်မာတိုင်းရင်းသားတို့ နှစ်ပေါင်းများစွာ နယ်ချဲ့တို့ကို တွန်းလှန်

နှစ် (၆၀) ပြည့် တပ်မတော်နေ့အကြို ဂုဏ်ပြုဆောင်းပါး

ထို့ကြောင့် မြန်မာ့လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာပိုင်ဆိုင်မှုကို ပြည်သူတို့နှင့်အတူ ရယူပေးခဲ့သည့် အမျိုးသားတပ်မတော်ကြီး တည်ရှိနေသမျှကာလပတ်လုံး မြန်မာ့လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာပိုင်ဆိုင်မှု၊ နိုင်ငံတော်၏ ပိုင်နက်နယ်မြေ တည်တံ့ခိုင်မြဲမှုနှင့် တိုင်းရင်းသားပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ် လုံခြုံမှုတို့ အစဉ်ရှိနေမည်ဖြစ်သည်။

တိုက်ခိုက်ခဲ့ကြသော်လည်း စွမ်းရည်သုံးရပ်ပြည့်ဝသည့် တပ်မတော်ကြီး ထိထိမားမား မရှိခဲ့သဖြင့် လွတ်လပ်ရေးပန်းတိုင်သို့ ရောက်ရှိရန် အလှမ်းဝေးခဲ့ကြရသည်။ မြန်မာ့လွတ်လပ်ရေး ကြိုးပမ်းမှုနှင့်အတူ အမျိုးသားရေးတပ်မတော်တစ်ရပ် ပေါ်ပေါက်လာသောအခါတွင်မှ သုံးနှစ်အတွင်း လွတ်လပ်ရေးကို ရယူပေးနိုင်ခဲ့သည်။

အကယ်၍ ထိုစဉ်က အမျိုးသားတပ်မတော်ပေါ်ထွန်းခဲ့ခြင်းမရှိခဲ့လျှင်–

ထို့ပြင် ထိုတပ်မတော်သည် စွမ်းရည်သုံးရပ်ပြည့်ဝခြင်းမရှိခဲ့လျှင်–

ထို့အတူ ထိုတပ်မတော်တွင် တိုင်းရင်းသားညီအစ်ကိုတို့ တစုတစည်းတည်း ပါဝင်ခဲ့ခြင်းမရှိခဲ့လျှင်–

သူ့ကျွန်ဘဝမှ လွတ်လမ်းသည်ကား ဝေဝါးနေဦးမည်သာဖြစ်သည်။

ယနေ့ကာလတွင် လွတ်လပ်ရေးကြိုးပမ်းမှုနှင့် အတူပေါ်ပေါက်လာသော စွမ်းရည်သုံးရပ်ပြည့်ဝသည့် အမျိုးသားတပ်မတော်ကြီးသည် ကျစ်လျစ်ခိုင်မာစွာဖြင့် အမျိုးသားအင်အားစုကြီးအဖြစ် ရပ်တည်လျက်ရှိနေပြီဖြစ်သည်။ထို့ကြောင့် မြန်မာ့လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာပိုင်ဆိုင်မှုကို ပြည်သူတို့နှင့်အတူ ရယူပေးခဲ့သည့် အမျိုးသားတပ်မတော်ကြီး တည်ရှိနေသမျှကာလပတ်လုံး မြန်မာ့လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ ပိုင်ဆိုင်မှု၊ နိုင်ငံတော်၏ပိုင်နက်နယ်မြေတည်တံ့ခိုင်မြဲမှုနှင့် တိုင်းရင်းသားပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ် လုံခြုံမှုတို့ အစဉ်ရှိနေမည်ဖြစ်သည်။ မြန်မာ့တပ်မတော်သည် ယခင်ကာလများက နိုင်ငံတော်နှင့် ပြည်သူ့အကျိုးအတွက် အသက်၊ သွေး၊ ချွေး မြောက်မြားစွာ ပေးဆပ်ခဲ့သည်။ ပစ္စုပ္ပန်နှင့် အနာဂတ်ကာလများတွင်လည်း နိုင်ငံတော်နှင့် ပြည်သူ့အကျိုးအတွက် အသက်သွေးချွေး အစဉ်မနေး ဆက်လက်ပေးဆပ်သွားမည်သာဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

၁၉၄၅ ခုနှစ် ဩဂုတ်လတွင် ဖက်ဆစ်များ ဤသို့ လက်နက်ချခဲ့ကြရသည်။

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း ပုသိမ်–သလပ်ခွာ–မော်တင်ကားလမ်း ဖောက်လုပ်ရေးစီမံကိန်းနှင့် ငပုတောမြို့နယ် ငရုတ်ကောင်းမြို့ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ စစ်ဆေး

ရန်ကုန် မတ် ၂၂

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဝန်ကြီးဌာနများမှ တာဝန်ရှိပုဂ္ဂိုလ်များ လိုက်ပါလျက် ဧရာဝတီတိုင်း၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးရန်နှင့် လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးရန် မတ် ၁၉ ရက် ညနေပိုင်းတွင် ရန်ကုန်မြို့မှ မော်တော်ယာဉ်များဖြင့် ထွက်ခွာခဲ့ရာ ညပိုင်းတွင် ပုသိမ်မြို့သို့ ရောက်ရှိသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း ပုသိမ်–သလပ်ခွာ–မော်တင်လမ်းပေါ်ရှိ တည်ဆောက်ပြီးစီးသွားသော သပြုချောင်းတံတားကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ပုသိမ်–သလပ်ခွာ–မော်တင်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်နှင့် တိုင်းအဆင့်ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ လိုက်ပါလျက် မတ် ၂၀ ရက် နံနက်ပိုင်းတွင် ပုသိမ်–သလပ်ခွာ–မော်တင်ကားလမ်းအတိုင်း ထွက်ခွာခဲ့ကြရာ နံနက် ၈ နာရီခွဲတွင် မိုင်တိုင်(၁၂/၆)ရှိ ပုသိမ်–သလပ်ခွာ–မော်တင်လမ်း ဖောက်လုပ်ရေးစီမံကိန်းသို့ ရောက်ရှိကြသည်။

ယင်းနောက် စီမံကိန်းရှင်းလင်းဆောင်၌ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ပုသိမ်ခရိုင် အင်ဂျင်နီယာမှူး ဦးမြင့်သိန်းက ပုသိမ်–မော်တင်ကားလမ်းကို ပေ ၃၀ အကျယ် လမ်းနယ်ချဲ့ထွင်ခြင်းနှင့် ချောင်းကျောက်ခင်းခြင်းတို့ ဆောင်ရွက်လျက်ရှိရာ ပုသိမ်–ငွေဆောင်လမ်းပေါ်ရှိ မိုင်တိုင်(၁၂/၀)မှ ပုသိမ်–မော်တင်ကားလမ်း မိုင်တိုင်(၆၃/၀)အထိ ၅၁ မိုင် တိုးချဲ့ပြီးစီးမှုအခြေအနေ၊ မိုင်တိုင်(၄၀/၀)အထိ တံတားကြီး ၁၀ စင်း တည်ဆောက်ပြီးစီးမှုအခြေအနေနှင့် စုစုပေါင်း ၃၁ မိုင် ချောင်းကျောက်ခင်းပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

တင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက ပိုးလောင်းချောင်းတံတား မိုင်တိုင်(၆၈/၀)အထိ ငါးမိုင်ခန့် တိုးချဲ့ဆောင်ရွက်သွားရေး၊ လမ်းဘေးဝဲ/ယာ ရေနုတ်မြောင်းများ ပီပီပြင်ပြင် ဖောက်လုပ်ရေး၊ အရိပ်ရသစ်ပင်များ မိုးကျသည်နှင့် စိုက်ပျိုးသွားရေး၊ တံတားအဆင်းအတက်၌ မြေဖို့ရာတွင် အနိမ့်အမြင့်ညီညာစွာဖြင့် မြေဖို့သွားရေးတို့ကို မိုးမကျမီ အပြီးဆောင်ရွက်သွားရန် မှာကြားသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် မိုင်တိုင်(၂၁/၇)ရှိ တည်ဆောက် ပြီးစီးသွားသော အရှည် ၁၉၄ပေ၊ အကျယ် ၁၆ပေရှိ သပြုချောင်းတံတားသို့ ရောက်ရှိစစ်ဆေးကြသည်။

ပုသိမ်–သလပ်ခွာ–မော်တင်လမ်းကို ငရုတ်ကောင်းမြို့အပါအဝင် ဝေန်မြစ်အနောက်ဘက်ခြမ်းဒေသ ဖွံ့ဖြိုးရေးကိုရည်ရွယ်၍ ၂၀၀၄–၂၀၀၅ ခုနှစ်မှ ၂၀၀၆–၂၀၀၇ ခုနှစ်အထိ သုံးနှစ်ကာလအတွင်း ရာသီမရွေးသွားလာနိုင်သည့် ကျောက်ချောလမ်းအဖြစ် ဖောက်လုပ်သွားမည်ဖြစ်သည်။ ပေ ၃၀ လမ်းချဲ့ခြင်းလုပ်ငန်းမှာ ၅၁မိုင် ဆောင်ရွက်ပြီးစီးနေပြီဖြစ်ပြီး ချောင်းကျောက်ခင်းခြင်းမှာ ၃၁မိုင်အထိ ပြီးစီးနေပြီဖြစ်သည်။ ယခုအခါ အဆိုပါလမ်းကိုအသုံးပြု၍ ပုသိမ်မှမော်တင်စွန်းသို့ ခရီးသည်တင်ယာဉ်လိုင်း ပြေးဆွဲလျက်ရှိပြီး မော်တင်စွန်းဘုရားဖူးယာဉ်များလည်း စဉ်ဆက်မပြတ် သွားလာလျက်ရှိနေပြီဖြစ်သည်။

ငရုတ်ကောင်းမြို့

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့်အဖွဲ့ဝင်များသည် ငရုတ်ကောင်းတောင်ကျေးရွာသို့ ရောက်ရှိကြပြီး ယင်းမှတစ်ဆင့် ငရုတ်ကောင်းလမ်းခွဲအတိုင်း ဆက်လက်ထွက်ခွာရာ နံနက် ၁၁ နာရီခွဲတွင် ပုသိမ်ခရိုင် ငပုတောမြို့နယ် ငရုတ်ကောင်းမြို့သို့ ရောက်ရှိကြသည်။

ယင်းနောက် ငရုတ်ကောင်းမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အဆောက်အအုံသစ်ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်အားပေးချီးမြှင့်ကြရာ ငရုတ်ကောင်းမြို့ အုပ်ချုပ်ရေးမှူးဦးကျော်သူက ရုံးအဆောက်အအုံသစ် ဆောက်လုပ်ပြီးစီးမှု အခြေအနေကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ငရုတ်ကောင်းမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရုံးအဆောက်အအုံသစ်ကို တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်၊ ပြည်ထဲရေးဝန်ကြီးဌာန အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးတင်ထွတ်နှင့် ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင် တိုင်းအထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှူး ဦးသန်းဝင်းတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

အဆိုပါ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အဆောက်အအုံသစ်သည် မြေဧရိယာ ၃ ဒသမ ၂၇ ဧက၌ အလျားပေ ၁၅၀၊ အနံပေ ၃၀၊ အမြင့် ၁၅ ပေရှိ အိုင်ပုံသဏ္ဌာန်တစ်ထပ် အုတ်ညှပ်၊ သွပ်မိုးကွန်ကရစ်ခင်းဖြစ်သည်။ စုစုပေါင်း ကုန်ကျငွေမှာ ကျပ်သိန်း ၁၇၀ ဖြစ်ကြောင်း သိရှိရသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် ငရုတ်ကောင်းမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသစ် အစည်းအဝေးခန်းမ၌ ငရုတ်ကောင်းမြို့မှ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ရပ်မိရပ်ဖများအား တွေ့ဆုံရာ ငရုတ်ကောင်းမြို့ အုပ်ချုပ်ရေးမှူးဦးကျော်သူက ငရုတ်ကောင်းမြို့၏ တည်နေရာနှင့် အကျယ်အဝန်း၊ မြို့ဖွဲ့စည်းမှု၊ မြေအသုံးချမှုအခြေအနေ၊ ၂၀၀၄–၂၀၀၅ ခုနှစ် မိုးသီးနှံ ၁၄၀၆၇ ဧက၊ ဆောင်းသီးနှံ ၅၉၂၁ ဧကနှင့် အဓိက သီးနှံ ၁၀ မျိုး ၁၆၅၇၁ ဧက စိုက်ပျိုးနိုင်ခဲ့မှုအခြေအနေ၊ နှစ်ရှည်သီးနှံဖြစ်သည့် ရော်ဘာ၊ ငရုတ်ကောင်း၊ သီဟိုဠ် စိုက်ပျိုးမှုအခြေအနေ၊ လမ်းပန်းဆက်သွယ်ရေး၊ ပညာရေးနှင့် မြို့နယ်ရုံးများ ဆောက်လုပ်ပြီးစီးမှုအခြေအနေတို့ကို ရှင်းလင်းတင်ပြပြီး ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးလှသွင်၊ တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်နှင့် တာဝန်ရှိသူများက ဖြည့်စွက်ရှင်းလင်းတင်ပြကြရာ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက လိုအပ်သည်များကို ဖြည့်ဆည်းစီမံဆောင်ရွက်ပေးသည်။

အဓိကလိုအပ်ချက်သုံးရပ်

ယင်းနောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက အမှာစကားပြောကြားရာတွင် နိုင်ငံတော် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော် ဖြစ်ထွန်းလာစေရန် အဓိကလိုအပ်ချက် သုံးရပ်ရှိသည့်အနက် ယခုအခါ ပထမလိုအပ်ချက်ဖြစ်သည့် အေးချမ်းတည်ငြိမ်ပြီး တရားဥပဒေစိုးမိုးမှုရရှိဖြစ်ထွန်းနေပြီဖြစ်ကြောင်း၊ ဒုတိယလိုအပ်ချက်ဖြစ်သည့် စီးပွားရေးတိုးတက်ခိုင်မာစေရန်အတွက် နယ်စပ်ဒေသဖွံ့ဖြိုးရေးစီမံကိန်းနှင့် ဖွံ့ဖြိုးရေးဒေသကြီး ၂၄ ခုစီမံကိန်းတို့ကို သတ်မှတ်ဆောင်ရွက်ပေးလျက်ရှိသည့်အပြင် ကျေးလက်လမ်းများကောင်းမွန်ရေး၊ ကျေးလက်ဒေသ သောက်သုံးရေနှင့် စိုက်ပျိုးရေရရှိရေး၊ ကျေးလက်ဒေသပညာရည် တိုးတက်မြင့်မားရေး၊ ကျေးလက်ဒေသကျန်းမာရေးမြှင့်တင်ရေးနှင့် ကျေးလက်ဒေသ စီးပွားရေးကောင်းမွန်ရေး စသည့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ငါးရပ်ကိုလည်း ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း။

တတိယလိုအပ်ချက်ဖြစ်သည့် လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖွံ့ဖြိုးရေးဒေသကြီးများ၌ အဆင့်မြင့်ပညာရပ်များကို သင်ကြားနိုင်ရန် တက္ကသိုလ်နှင့်ကောလိပ်များကို တိုးချဲ့ဖွင့်လှစ်ခြင်း၊ အခြေခံပညာကျောင်းများ တိုးချဲ့ခြင်းနှင့် အဆင့်မြှင့်တင်ခြင်း၊ လိုအပ်သည့် ဆရာ၊ ဆရာမများ ခန့်ထားပေးခြင်း၊ သင်ထောက်ကူပစ္စည်းများရရှိရေးအတွက် ဆောင်ရွက်ပေးခြင်းတို့ကို လိုအပ်ချက်ပေါ်မူတည်၍ စနစ်တကျ စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း။

ထိုကဲ့သို့ နိုင်ငံတော်က စေတနာထားဆောင်ရွက်ရာတွင် ငရုတ်ကောင်းမြို့ကိုလည်း ကျေးရွာမှ မြို့အဆင့်သို့ တိုးမြှင့်ဆောင်ရွက်ပေးခဲ့ပြီး မြို့အင်္ဂါရပ်နှင့်အညီ လိုအပ်ချက်အဝဝကို စီမံဆောင်ရွက်ပေးခဲ့ကြောင်း။

နိုင်ငံတော်၏ ကျေးဇူး

နိုင်ငံတော်၏ စေတနာထားဆောင်ရွက်ပေးမှုအပေါ် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များကလည်း ဝိုင်းဝန်းဆောင်ရွက်ကြရန်နှင့် နိုင်ငံတော်ကျေးဇူးကို တုံ့ပြန်သောအားဖြင့် နိုင်ငံတော်က သတ်မှတ်ထားသည့် အဓိက သီးနှံ ၁၀ မျိုး၊ နှစ်ရှည်သီးနှံ သုံးမျိုး၊ အမယ်သစ်သီးနှံ သုံးမျိုးတို့မှ ဒေသနှင့်ကိုက်ညီသော သီးနှံများကို တိုးချဲ့စိုက်ပျိုးကြရန်လိုကြောင်း၊ အလားတူ ဒေသကြက်အပါအဝင် မွေးမြူရေးလုပ်ငန်းများကိုလည်း တစ်ပိုင်တစ်နိုင်မှ တစ်အုပ်တမအထိ မွေးမြူကြရန်လိုကြောင်း။

ငရုတ်ကောင်းမြို့သည် ပင်လယ်ကမ်းခြေဒေသဖြစ်သဖြင့် နယ်မြေအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးတို့ကိုလည်း ထိရောက်စွာ ဆောင်ရွက်နိုင်ရန် အစီအမံများ ချမှတ်လုပ်ဆောင်ကြရန် လိုအပ်ကြောင်း၊ ကျေးရွာမှ မြို့ဖြစ်လာသည်ဖြစ်ရာ မြို့အင်္ဂါရပ်နှင့်အညီဖြစ်စေရန် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်မိရပ်ဖများ စုပေါင်းအင်အားဖြင့် တိုးချဲ့တည်ဆောက်သွားကြရန် လိုကြောင်းဖြင့် မှာကြားပြီး တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

မူကြိုကျောင်းသစ်လွှဲအပ်ပွဲ

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် ငရုတ်ကောင်းမြို့ အခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိပြီး ဆရာ/ဆရာမများအား တွေ့ဆုံ၍ လိုအပ်ချက်များ မေးမြန်းဖြည့်ဆည်း ဆောင်ရွက်ပေးသည်။ ယင်းနောက် အခြေခံပညာအထက်တန်းကျောင်း၏ မူလတန်းကြိုကျောင်းဆောင်သစ်လွှဲအပ်ပွဲသို့ တက်ရောက်ရာ ရှေးဦးစွာ ကျောင်းဆောင်သစ်ကို ပုသိမ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး လှသွင်နှင့် အလှူရှင်ပုသိမ်မြို့မှ ငွေသောင်ယံ ဆားစက်ပိုင်ရှင် ဦးရဲမြင့်တို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထိုမှတစ်ဆင့် ငရုတ်ကောင်းမြို့တိုက်နယ်ဆေးရုံသို့ ရောက်ရှိကြပြီး လူနာများနှင့် ခွဲစိတ်ခန်း၊ ဆေးသိုလှောင်ခန်းတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေး အားပေးကြသည်။ ထို့နောက် ငရုတ်ကောင်းမြို့ ရဲစခန်းသို့ရောက်ရှိကြပြီး တာဝန်ရှိသူများနှင့် တပ်ဖွဲ့ဝင်များအား တွေ့ဆုံကာ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက ပြည်သူကို အလုပ်အကျွေးပြုရေးနှင့် ပြည်သူများ၏ အားကိုးယုံကြည်မှုကို ခံယူနိုင်သည့် ရဲတပ်ဖွဲ့ဖြစ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် ကြိုးပမ်းဆောင်ရွက်သွားကြရေးတို့ကို မှာကြားပြီး စခန်းအတွင်း လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

ယင်းနောက် ငရုတ်ကောင်းမြို့ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဒရယ်ကျွန်းရှိ ပင်လယ်ကမ်းခြေသို့ သွားရောက်ကြည့်ရှုသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် ပင်လယ်ကမ်းခြေ၏ သဘာဝအလှအပများ မပျက်စီးစေရန် ထိန်းသိမ်းစောင့်ရှောက်သွားကြရေး တာဝန်ရှိသူများအားမှာကြားပြီး ငရုတ်ကောင်းမြို့မှ ညနေပိုင်းတွင် ပြန်လည်ထွက်ခွာခဲ့ကြသည်။ (သတင်းစဉ်)

ရဟန်းခံရှင်ပြု သာသနာ့အမွေခံယူပွဲ

ရန်ကုန် မတ် ၂၂

သထုံမြို့ နေမိန္ဒရတောင်ခြေ စိတ္တသုကြွယ်(ရွှေပုတီး)ကျောင်းဆရာတော် ဘဒ္ဒန္တဥတ္တမ၏ နှစ်စဉ်ကျင်းပမြဲဖြစ်သော (၁၀)ကြိမ်မြောက် ရဟန်းလောင်း ၁၀၀ နှင့် ရှင်သာမဏေ ၉၀၀တို့အား ရဟန်းခံရှင်ပြုသာသနာ့အမွေခံယူပွဲကို (တပေါင်းလပြည့်နေ့) မတ် ၂၄ရက်၌ ကျင်းပမည်ဖြစ်ရာ ဒါယကာ၊ ဒါယိကာမများအား ဖိတ်ကြားထားသည်။ (၂၃)

ယဉ်ကျေးလိမ္မာ တရားစခန်းဖွင့်မည်

ရန်ကုန် မတ် ၂၂

မှော်ဘီမြို့နယ် အောက်ဝါးနက်ချောင်းကျေးရွာ ဓမ္မဒူတဇေတဝန်တောရ ဆေကိန္ဒာရာမကျောင်းတိုက်တွင် လူငယ်လူရွယ်များအတွက် ယဉ်ကျေးလိမ္မာ တရားစခန်းကို ဖွင့်လှစ်မည်ဖြစ်ရာ (၉တန်း၊ ၁၀တန်း၊ တက္ကသိုလ်)များ မတ် ၂၉ရက်မှ ဧပြီ ၁ရက်အထိ၊ (၆တန်း၊ ၇တန်း၊ ၈တန်း)များ ဧပြီ ၂ရက်မှ ၅ရက်အထိနှင့် (၃တန်း၊ ၄တန်း၊ ၅တန်း)များ ဧပြီ ၇ရက်မှ ၁၀ရက်အထိ ဖွင့်လှစ်မည်ဖြစ်သည်။ သင်တန်းသို့ ညနေ ၃နာရီအရောက်လာကြရန်နှင့် တရားစခန်းဝင်လိုသူများသည် ဓာတ်ပုံနှစ်ပုံနှင့်အတူ ရှိုင်းဟုပ်ကုမ္ပဏီ ဖုန်း–၅၁၄၇၆၈၊ ဓာနည်ညီနောင်ဆေးဆိုင် ဖုန်း–၂၉၃၅၆၇၊ ဦးလှကြည် ဖုန်း–၂၄၆၇၈၈ လိုင်းခွဲ(၃၀)၊ ဦးဝင်းရွှေ(မှော်ဘီ) ဖုန်း–၇၀၁၇၇၈၊ ဦးသိန်းဝင်း ဖုန်း–၅၄၀၀၉၂ နှင့် ဦးမျိုးမြင့်(ပဲခူး) ဖုန်း–၀၅၂–၂၂၁၃၆တို့ထံ ဆက်သွယ်စာရင်းပေးသွင်းရမည်ဖြစ်သည်။ (က–ပ)

နှစ်(၆၀)ပြည့် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆို ကျောက်မဲခရိုင် မိုးမိတ်မြို့ နမ့်မိတ်တံတားဖွင့်ပွဲ ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး တက်ရောက်

ရန်ကုန် မတ် ၂၂

နှစ်(၆၀)ပြည့် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ကျောက်မဲခရိုင် မိုးမိတ်မြို့ရှိ နမ့်မိတ်တံတားဖွင့်ပွဲကို မတ် ၂၁ ရက် နံနက် ၇ နာရီခွဲတွင် အဆိုပါတံတားထိပ်၌ ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး၊ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (မြောက်ပိုင်း) ဥက္ကဋ္ဌ၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်၊ ဝန်ကြီးချုပ်ရုံး ဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်မြင့်သိန်း၊ နယ်မြေခံစစ်ဗျူဟာမှူး ဗိုလ်မှူးကြီးအောင်ငြိမ်းနှင့် တပ်မတော်အရာရှိကြီးများ၊ ကျောက်မဲခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးစိုးဝင်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြည်နယ် အင်ဂျင်နီယာမှူးကြီး ဦးကျော်မင်းသိန်းနှင့် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ရှိသူများ၊ လူမှုရေး အသင်းအဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများ၊ ဘင်ခရာနှင့် ပန်းဖွားအကအဖွဲ့ဝင်များ၊ တိုင်းရင်းသား ရိုးရာ အကအဖွဲ့များ၊ ဒေသခံတိုင်းရင်းသားပြည်သူများ တစ်ခဲနက် တက်ရောက်အားပေးကြသည်။

အစီအစဉ်အရ ရှေးဦးစွာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီး ဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေး က အမှာစကားပြောကြားရာတွင် ယခု ဖွင့်လှစ်သည့် နမ့်မိတ်တံတားသည် မိုးမိတ်မှ မိုးလိုသို့ ဆက်သွယ်သွားလာ ရာတွင် နမ့်မိတ်ချောင်းကို ဖြတ်ကူး သည့် အရှည် ၃၇၆ ပေရှိ တံတားဖြစ် ကြောင်း၊ ယင်းတံတားသည် မိုးမိတ်မြို့ မှ တစ်မိုင်ခန့်အကွာ၌ တည်ရှိ၍ ယခင်က ယာယီ သစ်သားတံတားဖြစ် ပြီး ယခုအခါ ဆောက်လုပ်ရေးဝန်ကြီး ဌာနက ဘောလီနှင့် သစ်သားတံတား အဖြစ် အခိုင်အမာ တည်ဆောက်ခဲ့ရာ ၂၀၀၅ ခုနှစ် မတ် ၅ ရက်တွင် တည် ဆောက်ပြီးစီးခဲ့ပြီးဖြစ်ကြောင်း။

ယင်းတံတားကိုဖြတ်၍ မဘိမ်းဒေသ ကိုပါ ခရီးပေါက်နိုင်သကဲ့သို့ မိုးလို– မန်တုံလမ်းပိုင်းမှတစ်ဆင့် နမ့်ခမ်း၊ မူဆယ်အထိ ဆက်သွယ်သွားလာအသုံး ပြုနိုင်မှာဖြစ်၍ ဒေသတွင်း လမ်းပန်း ဆက်သွယ်မှု ပိုမိုအဆင်ပြေချောမွေ့ ကာ ကုန်စည်စီးဆင်းမှု မြန်ဆန် သွက်လက်လာခြင်းအားဖြင့် စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး စသည့် ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများပါ ပိုမိုထိရောက်အောင်မြင်စွာ ဆောင်ရွက် လာနိုင်မည်ဖြစ်ပြီး ဒေသခံတိုင်းရင်းသား ပြည်သူများ၏ လူမှုစီးပွားရေး ဘဝ ပိုမိုတိုးတက် မြင့်မားလာစေမှာ ဖြစ် ကြောင်း။

ကွန်ရက်သဖွယ်

နိုင်ငံတော်အစိုးရသည် မြစ်ကူး ချောင်းကူးတံတားကြီးများကို တစ်စင်း ပြီး တစ်စင်း တည်ဆောက်ပေးနေသည့် အပြင် ပြည်နယ်၊ တိုင်း တစ်ခုနှင့် တစ်ခု၊ ဒေသတစ်ခုနှင့်တစ်ခု သွားလာ ရေးလွယ်ကူအောင် အရှေ့၊ အနောက်၊ တောင်၊ မြောက် ဆက်သွယ်သည့် လမ်း များကို ကွန်ရက်သဖွယ် တည်ဆောက် ပေးလျက်ရှိကြောင်း၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) ကွတ်ခိုင်မြို့နယ် မုံးစီး– တာပါး – တာရွှေထန် လမ်းပိုင်းတွင် သံလွင်မြစ်ကူး တာပါးတံတား၊ နောင်ချိုမြို့နယ်၊ နောင်ချို–ရပ်စောက်လမ်းပိုင်း တွင် ဒုဋ္ဌဝတီမြစ်ကူးတံတား စသည့် စီမံကိန်းဝင် တံတားကြီးများကို ဆက်လက် တည်ဆောက်ပေးလျက်ရှိ ရာ မကြာမီကာလအတွင်း ပြီးစီးတော့ မည်ဖြစ်ကြောင်း။

ဖိဖိစီးစီး

ယခုကဲ့သို့ နိုင်ငံတော်အပိုင်းမှ ပြည်ထောင်စုကြီး၏ နယ်မြေဒေသ အသီးသီး ဖြန့်ကြက်ပြီး ဖွံ့ဖြိုးတိုးတက် ရာ တိုးတက်ကြောင်းအတွက် လိုအပ် သည့် အခြေခံများကို ဘက်စုံကဏ္ဍစုံမှ ကြိုးပမ်း အကောင်အထည်ဖော်ပေးနေ သည့်နည်းတူ ဒေသခံ တိုင်းရင်းသား ပြည်သူများအပိုင်းကလည်း နိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် မိမိတို့ ကိုယ်တိုင် ဖိဖိစီးစီးကြိုးစား အားထုတ် အကောင်အထည်ဖော်သွားကြရန် တိုက် တွန်းလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ရှမ်းပြည်နယ်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (မြောက်ပိုင်း) ဥက္ကဋ္ဌ၊ အရှေ့မြောက် တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် မြင့်လှိုင်က အမှာစကားပြောကြား ရာတွင် ရှမ်းပြည်နယ် (မြောက်ပိုင်း) ၌ ယခင်က ကွမ်းလုံကြိုးတံတား တစ်စင်းသာရှိခဲ့ပြီး ယခုအခါ သံလွင် မြစ်ကူး သံလွင်တံတား (တာပါး)၊ ဒုဋ္ဌဝတီမြစ်ကူး တံတား (နောင်ချို)၊ ရွှေလီတံတား(နမ့်ခမ်း) စသည့်တံတား ကြီးများကိုလည်း အရှိန်အဟုန်ဖြင့် နေ့မအား ညမနား တည်ဆောက်လျက် ရှိရာ မကြာမီ ပြီးစီးတော့မည်ဖြစ်၍ လမ်းပန်းဆက်သွယ်မှု ပိုမိုလွယ်ကူ လျင်မြန်စွာ သွားလာနိုင်တော့မည် ဖြစ် ကြောင်းပြောကြားသည်။

ဆက်လက်၍ ဆောက်လုပ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် မြင့်သိန်းက အမှာစကား ပြောကြား သည်။

ထို့နောက် ဒေသခံပြည်သူ ဦးစိုင်း ကျော်စိုးနိုင်က နမ့်မိတ်တံတား တည် ဆောက် ဖွင့်လှစ်နိုင်ခြင်းအတွက် ကျေးဇူးတင်စကား ပြန်လည်ပြောကြား သည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေးနှင့် ညှော်ပရိသတ်များသည် တံတားဖွင့်လှစ်ရန်အတွက် နမ့်မိတ် တံတားထိပ်၌ နေရာယူကြပြီး မင်္ဂလာ အချိန်တွင် ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေး၊ တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင် နှင့် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်မြင့်သိန်း တို့က တံတားကြီးကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ဘောလီတွဲဆက်တံတား

အဆိုပါ နမ့်မိတ်တံတားသည်မိုးမိတ် မြို့ မြောက်ပိုင်းရပ်ကွက် မိုးမိတ်– မိုးလိုလမ်း မိုင်တိုင် အမှတ် (၀/၄) အနီး၌ တည်ရှိပြီး တံတားအရှည်မှာ သစ်သား ၁၈ ပေ ၁၂ ခန်း၊ ၁၀ ပေ တစ်ခန်း၊ တစ်လွှာတစ်ထပ် ဘောလီ ပေ ၅၀ သုံးခန်း စုစုပေါင်း ၃၇၆ ပေရှိ သည်။ တံတားအကျယ်မှာ သစ်သား ၁၇ ပေ၊ ဘောလီ ၁၂ ပေ ခြောက်လက်မ စုစုပေါင်း ၂၉ ပေ ခြောက်လက်မ ဖြစ်ပြီး တံတားအမြင့်မှာ ချောင်း ကြမ်းပြင်မှ ၁၃ ပေဖြစ်၍ သစ်သား ဘောလီတွဲဆက်တံတား ဖြစ်ကြောင်း သိရသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေးနှင့် အဖွဲ့ဝင်များသည် မိုးမိတ်မြို့အထွက် တောင်ကိုင်းကျေးရွာ သို့ရောက်ရှိရာ ကျေးရွာ နွေစပါး တစ်ဧကတင်း ၁၀၀၊ စံပြ ၁၀ဧက ရှင်းလင်းဆောင်၌ ကျောက်မဲခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးစိုးဝင်း က မိုးမိတ်မြို့နယ်အတွင်း နွေစပါး စိုက်ပျိုးဆောင်ရွက်ထားရှိမှု အခြေအနေ များကို ရှင်းလင်းတင်ပြပြီး တိုင်းမှူး ဗိုလ်ချုပ် မြင့်လှိုင်က ဒေသခံတောင်သူ များ၊ ရပ်မိ ရပ်ဖများနှင့် ဌာနဆိုင်ရာ ဝန်ထမ်းများ ဝိုင်းဝန်းပူးပေါင်း၍ တစ်ဧကတင်း ၂၀၀ထွက်ရှိအောင် ရည်မှန်းချက်ထား ဆောင်ရွက်နေမှု အခြေအနေများကို ဖြည့်စွက်ရှင်းလင်း တင်ပြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေးက အထွက်တိုးစပါးများ အောင်မြင်ဖြစ်ထွန်းအောင် စိုက်ပျိုးနိုင် ရေးနှင့် တောင်သူများဘဝ မြင့်မား တိုးတက်စေရေးအတွက် ဝိုင်းဝန်း ကြိုးပမ်း ဆောင်ရွက်ကြရေးမှာကြားကာ မြို့နယ် စိုက်ပျိုးရေးလုပ်ငန်း မန်နေဂျာ နှင့် စိုက်ပျိုးရေး ဝန်ထမ်းများအား ဂုဏ်ပြုငွေများ ထောက်ပံ့ပေးအပ်သည်။

နွေစပါး

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေးနှင့် အဖွဲ့ဝင်များသည် ကျေးရွာ စုပေါင်းစိုက်ခင်း ၁၃ဒသမ ၇၅ ဧကအတွင်း ရွှေ့ပြောင်းစိုက်ပျိုး ထားသည့် အထူးအထွက်တိုး ဆင်း ရွှေလီနွေစပါးများ စိုက်ပျိုးအောင်မြင် ဖြစ်ထွန်းနေမှု အခြေအနေများကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေးက မိခင်နှင့်ကလေး စောင့် ရှောက်ရေး အသင်းဝင်များအား ထောက်ပံ့ငွေများပေးအပ်ပြီး ဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံက တောင်ကိုင်း ကျေးရွာဥက္ကဋ္ဌ ဦးစောဦးထံ ကျေးလက် စာကြည့်တိုက်အတွက် စာအုပ်စာတမ်း မျိုးစုံ ပေးအပ်လှူဒါန်းသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေးနှင့် အဖွဲ့ဝင်များသည် မိုးမိတ်မြို့နယ် ဗောဒေ ကျေးရွာသို့ သွားရောက်၍ ကျေးရွာဥက္ကဋ္ဌ ဦးစံလှိုင် နှင့် ရပ်မိရပ်ဖများ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များအား ရင်းရင်း နှီးနှီး တွေ့ဆုံနှုတ်ဆက်ကာ ကျေးလက် စာကြည့်တိုက်အတွက် စာအုပ်စာတမ်း များ ပေးအပ်လှူဒါန်းသည်။

ကင်းချောင်းတံတား

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေးနှင့် အဖွဲ့ဝင်များသည် မိုးမိတ်မြို့နယ် ကင်းချောင်းကျေးရွာရှိ ပြည်သူ့ ဆောက်လုပ်ရေးလုပ်ငန်း လမ်းဖောက်လုပ်ရေးစီမံကိန်း အထူး အဖွဲ့ (၁၄)၏ ကင်းချောင်း တံတား တည်ဆောက်ရေး စီမံကိန်းသို့ ရောက် ရှိရာ စီမံကိန်းတာဝန်ခံ ဒုတိယ အင်ဂျင်နီယာမှူးကြီး ဦးဝင်းမောင်က ၄၆ မိုင် ခုနစ်ဖာလုံရှည် တွင်းငယ်– မိုးမိတ် လမ်းပိုင်း ဖောက်လုပ်မှု၊ ကင်းချောင်းတံတား တည်ဆောက်မှု နှင့် ၆၆ မိုင်ရှည် ငါးအိုး–မဘိမ်း လမ်း ဖောက်လုပ်နေမှု အခြေအနေများကို ဇယားကားချပ်များဖြင့် ရှင်းလင်းတင်ပြ သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေးက တည်ဆောက်ရေး လုပ်ငန်းများ မိုးမကျမီ အမြန်ဆုံးပြီးစီး ရေးအတွက် အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်ရေး၊ လမ်းနှင့်တံတားများ ကို ရာသီမရွေး သွားလာနိုင်ရေးနှင့် ရေရှည်တည်တံ့ခိုင်မြဲအောင် ထိန်းသိမ်း ဆောင်ရွက်ကြရေးမှာကြားကာ လုပ်ငန်း လိုအပ်ချက်များကို ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးသည်။ (သတင်းစဉ်)



ကျောက်မဲခရိုင် မိုးမိတ်မြို့ရှိ ၃၇၆ ပေရှည်သည့် သစ်သားဘောလီ တွဲဆက် နမ့်မိတ်တံတားကို တွေ့ရစဉ်။ (သတင်းစဉ်)

အမှာစကားပြောကြား

နိုင်ငံတော် အေးချမ်းသာယာ ရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေး နှစ်(၆၀)ပြည့် တပ်မတော်နေ့ ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ကျောက်မဲခရိုင် မိုးမိတ်မြို့ နမ့်မိတ် တံတားဖွင့်ပွဲအခမ်းအနား၌ အမှာ စကားပြောကြားစဉ်။(သတင်းစဉ်)

မိုးကုတ်ဝိပဿနာ ၁၀ ရက် တရားစခန်း

ရန်ကုန် မတ် ၂၂

ရန်ကုန်တိုင်း ကြည့်မြင်တိုင်မြို့နယ် စလင်းကျောင်းတိုက် သုခါဝါသမ္မ ရိပ်သာ မိုးကုတ်ဝိပဿနာပြန့်ပွားရေး အဖွဲ့ခွဲ (၁၈၁) ၌ (၅၁)ကြိမ်မြောက် ၁၀ရက် တရားစခန်းကို ဧပြီ ၇ ရက်မှ ၁၆ ရက်အထိ ကျင်းပမည်ဖြစ်သည်။

ယင်းစခန်းပွဲတွင် ကမ္မဋ္ဌာနာစရိယ ဆရာတော် ဦးပညာဇောတ(မဏိ ရတနာကျောင်း၊ စမ်းချောင်းမြို့နယ်)က မိုးကုတ်ဆရာတော်ကြီး၏ဥပနိဿယ အတိုင်း သစ္စာလေးပါးတရားတော်များကို ဟောကြားပြသမည်ဖြစ်ကြောင်း သိရ သည်။ (က–ပ)

ချမ်းအေး ဓမ္မစာပေပြိုင်ပွဲ ဆုရစာရင်း ထုတ်ပြန်

ရန်ကုန် မတ် ၂၂

စစ်မှန်သော ထေရဝါဒဗုဒ္ဓသာသနာ တော် စင်ကြယ်သန့်ရှင်းစွာ တည်တံ့ ပြန့်ပွားစေရန် ရည်သန်ချက်ဖြင့် ချမ်းအေးဆရာတော် ဘဒ္ဒန္တနာဂသေ ဏာဘိဝံသမထေရ်၏ဦးဆောင်လမ်းညွှန် မှုကို ခံယူကာ ချမ်းအေးစာတည်းအဖွဲ့ မှ စီစဉ်ကျင်းပသော ဒုတိယအကြိမ် ချမ်းအေးဓမ္မစာပေပြိုင်ပွဲတွင် ပထမဆု ဦးပဏ္ဍိတ (ဘိုကလေး) ဓမ္မာစရိယ၊ အမ်အေ၊ ဒုတိယဆုသင်းအောင် (မဟာ ဓမ္မာစရိယ)၊ တတိယဆု ရွှေပြည်ဟိန်း တို့က အသီးသီးရရှိကြပြီး အထူးဆု များအဖြစ် ဦးဟန်ရွှေ (သုတေသန)၊ မောင်ချမ်းသာ (ထားဝယ်)တို့က ရရှိ ကြသည်။

ဆုချီးမြှင့်ပွဲအခမ်းအနားကို နဝမ အကြိမ် ဓမ္မစာဆို ပညာရှင်ကြီးများ ပူဇော်ပွဲ ကျင်းပမည့် ၁၃၆၇ခုနှစ် တန်ခူး လပြည့်ကျော် ၁ ရက်၊ ဧပြီ ၂၄ ရက် (တနင်္ဂနွေနေ့)တွင် ပူးတွဲဂုဏ်ပြုချီးမြှင့် မည်ဖြစ်ရာ ဆုရပုဂ္ဂိုလ်များသည် အရှင် ဝိလာသ (ဝေမိုး–ကျွန်းလှ) ဖုန်း– ၅၇၂၁၈၆၊ ချစ်ဦးညို ဖုန်း–၂၉၉၇၇၃ တို့သို့ အချိန်မီအကြောင်းကြား ဆက် သွယ်ကြရန် တိုက်တွန်းနှိုးဆော်ထား သည်။ (က–ပ)

ပဉ္စမအကြိမ် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ပဉ္စမအစည်းအဝေးကျင်းပပြီးစီး

ရန်ကုန် မတ် ၂၂

ပဉ္စမအကြိမ် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ပဉ္စမအစည်းအဝေး တတိယနေ့ကို ယနေ့နံနက် ၈နာရီတွင် ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ ဆဋ္ဌသင်္ဂါယနာ မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီး၌ ဆက်လက်ကျင်းပပြီး ညနေပိုင်းတွင် အောင်မြင်စွာကျင်းပပြီးစီးသွားသည်။

ယင်းအစည်းအဝေးသို့ နိုင်ငံတော် ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ၊ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက မကွေးဆရာတော် ဘဒ္ဒန္တကုမာရအမှူးပြုသော နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ဝင် ဆရာတော်ကြီးများ၊ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်ကြီးများနှင့် ပရဒေသီဗဟိုဝန်ဆောင် ဆရာတော်တို့ ကြွရောက်တော်မူကြပြီး သာသနာရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရမြင့်မောင်၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် သူရအောင်ကို၊ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ မျိုးမြင့်၊ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒုတိယဗိုလ်မှူးကြီးမျိုးကျော်၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ဒုတိယပါမောက္ခချုပ်(စီမံ) ဒေါက်တာမြင့်ကြည်၊ သာသနာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးထင်မျိုး၊ သာသနာတော် ထွန်းကားပြန့်ပွားရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြအောင်နှင့် တာဝန်ရှိသူများ၊ ပြည်နယ်၊တိုင်းနှင့် ခရိုင်သာသနာရေးမှူးများ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ ယနေ့ကျင်းပသည့် ပဉ္စမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ပဉ္စမအစည်းအဝေး တတိယနေ့၏ ဩဝါဒါစရိယ ဆရာတော်ကြီးများအဖြစ် နိုင်ငံတော် ဩဝါဒါစရိယ ဆရာတော်ကြီးများ ဖြစ်တော်မူကြသော မကွေးတိုင်း ပခုက္ကူမြို့ မဟာဝိဇယာရာမတိုက် ဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု ဘဒ္ဒန္တမာလာလင်္ကာရ၊ ပဲခူးတိုင်း ပေါင်းတည်မြို့ နန်းဦးကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တယုဂန္ဓရ၊ ရှမ်းပြည်နယ် နမ့်ဆန်မြို့ မြို့မဂိုဏ်းချုပ်ကျောင်း ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကောဏ္ဍည၊ မန္တလေးတိုင်း မဟာအောင်မြေမြို့နယ် မဟာဝိသုဒ္ဓါရုံ တိုက်သစ်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တ အဂ္ဂိယနှင့် ရန်ကုန်တိုင်း ပုဇွန်တောင်မြို့နယ် မြသိန်းတန်ကျောင်းတိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တ သောဘနတို့အား တင်မြှောက်တော်မူကြသည်။

အစည်းအဝေးတွင် သဘာပတိဆရာတော်အဖြစ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဒုတိယဥက္ကဋ္ဌ ရန်ကုန်တိုင်း ဗဟန်းမြို့နယ် မဟာအောင်မြေဘုံစံ ကျောင်းတိုက်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တပညိန္ဒာဘိဝံသက ဆောင်ရွက်တော်မူ၍ အခမ်းအနားမှူးဆရာတော်အဖြစ် တွဲဖက်အကျိုးတော်ဆောင်ဆရာတော် မန္တလေးတိုင်း မြင်းခြံမြို့ ဇေယျာလင်္ကာရ ပရိယတ္တိစာသင်တိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကိတ္တိက ဆောင်ရွက်တော်မူပြီး အခမ်းအနားမှူးဆရာတော်က အစည်းအဝေး စတင်ကြောင်းနှင့် ကြွရောက်တော်မူလာကြသော နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်များ၏ အရေအတွက်ကို လျှောက်ထားကာ အစည်းအဝေး ထမြောက်ကြောင်းနှင့် ယနေ့ဖြန့်ဝေ ဆက်ကပ်ထားသော အစီအစဉ်တွင် ပါရှိသည့်အတိုင်း အစည်းအဝေးကို ကျင်းပသွားမည်ဖြစ်ကြောင်း ကြေညာလျှောက်ထားတော်မူသည်။

ထို့နောက် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့၏ တစ်နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့သော အစီရင်ခံစာအပေါ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ဝင် ကိုယ်စားလှယ် ဆရာတော်များ၏ ဝေဖန်ဆွေးနွေးချက်များနှင့်စပ်လျဉ်း၍ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယအဖွဲ့ခွဲ၏ ကိုယ်စား တွဲဖက်အကျိုးတော်ဆောင် မကွေးတိုင်း ရေနံချောင်းမြို့ ရွှေတောင် ပါဠိတက္ကသိုလ်ကျောင်းတိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တတေဇနိယက ပြန်လည်ရှင်းလင်း လျှောက်ထားကာ အစည်းအဝေး၏ အတည်ပြုချက်ကို ရယူတော်မူပြီး အစည်းအဝေးကို ခေတ္တရပ်နားသည်။

အစည်းအဝေးကို မွန်းလွဲ ၁နာရီတွင် ပြန်လည်ကျင်းပရာ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက မကွေးဆရာတော် ဘဒ္ဒန္တကုမာရက သဘာပတိအဖြစ် ဆောင်ရွက်တော်မူသည်။

အစီအစဉ်အရ ပဲခူးတိုင်း(အနောက်)၌ တိုင်းသံဃနာယကအဖွဲ့ ဖွဲ့စည်းရန်ကိစ္စကို နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် မွန်ပြည်နယ် သထုံမြို့ လယ်ဝန်ကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသိရိန္ဒက တင်သွင်းတော်မူပြီး သဘာပတိ ဆရာတော်က အစည်းအဝေး၏ အတည်ပြုချက် ရယူတော်မူကာ အတည်ပြုကြောင်း ကြေညာလျှောက်ထားတော်မူသည်။

ထို့နောက်သဘာပတိ ဆရာတော်က ရေဝတီတိုင်းမှ ရွေးချယ်တင်ပြသော နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်တစ်ပါး၏ ဘွဲ့အမည်စာရင်းကို အစည်းအဝေးသို့ တင်ပြတော်မူပြီး အတည်ပြုချက်ရယူတော်မူကာ ရေဝတီတိုင်း ဖျာပုံမြို့ ထန်းပင်ကျောင်း ပရိယတ္တိစာသင်တိုက် ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တဝေပုလ္လအား နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်အဖြစ် အတည်ပြုကြောင်းကြေညာလျှောက်ထားတော်မူသည်။

ဆက်လက်၍ သဘာပတိ ဆရာတော်က နိုင်ငံတော် သံဃဝိနိစ္ဆယအဖွဲ့ဝင် ဆရာတော်များအား နိုင်ငံတော် ဝိနည်းဓိုရ်လက်မှတ်များကို ဆက်ကပ်တော်မူ သည်။

ထို့နောက် ပဉ္စမအကြိမ် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ပဉ္စမအစည်းအဝေးတွင် ချမှတ်ခဲ့သည့် အစားထိုးရွေးချယ်မှုများ၊ ဆုံးဖြတ်ချက်များ၊ အတည်ပြုချက်များနှင့် မှတ်တမ်းတင်ချက်များကို သာသနာ့သမိုင်းဝင် မှတ်တမ်းစာအုပ်ကြီး၌ ဩဝါဒါစရိယဆရာတော်ကြီး ၁၅ပါး၊ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဥက္ကဋ္ဌ ဆရာတော်နှင့် အကျိုးတော်ဆောင် ဆရာတော်၊ ဂိုဏ်းအသီးသီးနှင့် ပြည်နယ်၊တိုင်း အသီးသီးတို့မှ ကိုယ်စားလှယ် ဆရာတော် တစ်ပါးကျစီတို့က လက်မှတ်ရေးထိုးတော်မူကြသည်။

ဆက်လက်၍ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက မကွေးဆရာတော် ဘဒ္ဒန္တကုမာရက နိဂုံးချုပ်ဥယျောဇနကထာကို ချီးမြှင့်တော်မူသည်။

ထို့နောက် အစည်းအဝေးသို့ ကြွရောက်တော်မူလာကြသည့် ဆရာတော်ကြီးများက ဇယန္တော ဗောဓိယာမူလေ အစချီ နှစ်ဂါထာကို သုံးကြိမ် ရွတ်ဆိုတော်မူကြပြီးနောက် သာဓု သုံးကြိမ်ခေါ်ဆိုကာ ညနေပိုင်းတွင် ပဉ္စမအကြိမ် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ပဉ္စမအစည်းအဝေး အောင်မြင်စွာ ကျင်းပပြီးစီးသွားသည်။

(သတင်းစဉ်)

မဇ္ဈိမဂုဏ်ရည်ဆရာတော် ဓမ္မခရီးစဉ်

ရန်ကုန် မတ် ၂၂

သာကေတမြို့နယ် ပြည်ထောင်စုတိုင်းရင်းသားကျေးရွာအနီးရှိ မဇ္ဈိမဂုဏ်ရည် မဟာစည်သာသနာ့ရိပ်သာကြီး၏ ပဓာန နာယကဆရာတော် သာသနတက္ကသီလဓမ္မာစရိယ ဒေါက်တာ အရှင်ကောဝိဒသည် မတ် ၂၃ရက် ည၇နာရီတွင် ညောင်တုန်း မယ်စိန်စုရွာ၊ မတ်၂၄ရက် ည၇နာရီတွင် သာယာဝတီမြို့ လောကနန္ဒာစေတီတော် ထီးတော်တင်၊ မတ် ၂၅ရက် ည ၇နာရီတွင် ကျောက်တန်းမြို့ ဝေဠုဝန်ကျောင်း၊ မတ် ၂၆ ရက် ည ၇နာရီတွင် ဗဟန်းမြို့နယ် ပါဠိတက္ကသိုလ်ညောင်တုန်းကျောင်းတိုက် လှရတနာကျောင်း ရွှေစေတီပူဇော်ပွဲ၊ မတ် ၂၇ရက် ည ၇နာရီတွင် သုံးခွမြို့ ဝဲပုံကျောင်းတိုက် ဆုတောင်းပြည့်လာဘမုနိ မြို့ဦးစေတီတော် ဗုဒ္ဓပူဇနိယပွဲ၊ မတ် ၂၈ရက် ည၈နာရီတွင် ရွှေပြည်သာမလွန်ဆန်လှူ အသင်းထောက်ဓမ္မသဘင်၊ မတ်၂၉ရက် ည ၈နာရီတွင် သာကေတမြို့နယ် (၁)ရပ်ကွက် သာသနာ့ရက္ခိတဓမ္မာရုံ၊ မတ်၃၀ရက် ည၈နာရီတွင် သာကေတမြို့နယ် (၂)ရန်ပြေ ရန်အောင်မြင်ဓမ္မာရုံ၊ မတ်၃၁ရက်ည ၈နာရီတွင် သာကေတ စက်မှုဇုန် ညောင်ဦးကျောင်းတိုက်ကျောင်းလွှတ် ပူဇာဓမ္မသဘင်များ၌ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားတော်မူမည်ဖြစ်သည်။

(က-ပ)

ပဉ္စမအကြိမ် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ပဉ္စမအစည်းအဝေးက ရွေးချယ်တင်မြှောက်ခြင်း၊ မှတ်တမ်းတင်ခြင်း၊ အတည်ပြုခြင်းနှင့် ဆုံးဖြတ်ခြင်းများဆောင်ရွက်

ရန်ကုန် မတ် ၂၂

ပဉ္စမအကြိမ် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ပဉ္စမအစည်းအဝေးကို ၁၃၆၆ခုနှစ် တပေါင်းလဆန်း ၁၁ရက်၊ ၂၀၀၅ခုနှစ် မတ် ၂၀ရက်မှ တပေါင်းလဆန်း ၁၃ရက်၊ မတ် ၂၂ရက်အထိ ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ ဆဋ္ဌသင်္ဂါယနာ မဟာပါသာဏလိုဏ်ဂူ သိမ်တော်ကြီး၌ကျင်းပခဲ့ပြီး အစည်းအဝေးက ရွေးချယ်တင်မြှောက်ခြင်းတစ်ရပ်၊ မှတ်တမ်းတင်ခြင်း ရှစ်ရပ်၊ အတည်ပြုခြင်းခုနစ်ရပ်နှင့် ဆုံးဖြတ်ခြင်းတစ်ရပ်တို့ကို ဆောင်ရွက်ခဲ့သည်။

ယင်းသို့ဆောင်ရွက်ခဲ့သည့် ရွေးချယ်တင်မြှောက်ခြင်းတစ်ရပ်မှာ အစည်းအဝေး၏ ဩဝါဒါစရိယဆရာတော်ကြီးများ ရွေးချယ်တင်မြှောက်ခြင်းဖြစ်သည်။ မှတ်တမ်းတင်ခြင်းရှစ်ရပ်မှာ အစည်းအဝေး ဩဝါဒါစရိယဆရာတော်ကြီးများ၏ ဩဝါဒကထာများကို မှတ်တမ်းတင်ခြင်း၊ အစည်းအဝေးသဘာပတိ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဒုတိယဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တကေသရ၏ အစည်းအဝေးဖွင့် သာရဏီယဩဝါဒကထာကို မှတ်တမ်းတင်ခြင်း၊ သာသနာရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်၏ သာသနာရေးဆိုင်ရာ လျှောက်ထားလွှာကို မှတ်တမ်းတင်ခြင်း၊ တစ်နှစ်တာကာလအတွင်း ပျံလွန်တော်မူသွားကြသော နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ နိုင်ငံတော် သံဃမဟာနာယက ဆရာတော်ကြီးများနှင့် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော်များအတွက် သံဝေဂဉာဏ်ပွားတော်မူသည်ကို မှတ်တမ်းတင်ခြင်း၊ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော်များတင်ပြသည့် အကြံပြုချက်များအား ရှင်းလင်းတင်ပြသည်ကို မှတ်တမ်းတင်ခြင်း၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက မဟာဝိဇယစေတီတော်နှင့် စပ်လျဉ်း၍ ဆောင်ရွက်ထားမှုအခြေအနေများ လျှောက်ထားသည်ကို မှတ်တမ်းတင်ခြင်း၊ နိုင်ငံတော် ဝိနည်းဓိုရ်လက်မှတ်ဆက်ကပ်သည်ကို မှတ်တမ်းတင်ခြင်းနှင့် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ဥက္ကဋ္ဌ ဆရာတော်ကြီး၏ နိဂုံးချုပ် ဥယျောဇနကထာကို မှတ်တမ်းတင်ခြင်းတို့ဖြစ်သည်။

အတည်ပြုခြင်း ခုနစ်ရပ်မှာ အစည်းအဝေးအစီအစဉ်များကိုအတည်ပြုခြင်း၊ အစားထိုးရွေးချယ်တင်မြှောက်ခြင်းခံရသော နိုင်ငံတော် ဩဝါဒါစရိယဆရာတော်များ၏ အမည်စာရင်းကိုအတည်ပြုခြင်း၊ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဥက္ကဋ္ဌဆရာတော်နှင့် လစ်လပ်နေရာများရွေးချယ်ခြင်းအတွက် နိုင်ငံတော် ဩဝါဒါစရိယ ဆရာတော်ကြီးများဖြင့် ဖွဲ့စည်းထားသည့် ကြီးကြပ်ရေးအဖွဲ့ကို အတည်ပြုခြင်း၊ အစားထိုး ရွေးချယ်တင်မြှောက်ခြင်းခံရသော နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်၊ အကျိုးတော်ဆောင် ဆရာတော်နှင့် တွဲဖက်အကျိုးတော်ဆောင် ဆရာတော်တို့၏ ဘွဲ့အမည်စာရင်းကို အတည်ပြုခြင်း၊ အစားထိုးရွေးချယ်တင်မြှောက်ခြင်းခံရသော နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်များ၏ အမည်စာရင်းကို အတည်ပြုခြင်း၊ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့၏ နှစ်ပတ်လည်အစီရင်ခံစာကို အတည်ပြုခြင်းနှင့် ပဲခူးတိုင်း(အနောက်)တွင် တိုင်းသံဃနာယကအဖွဲ့ ဖွဲ့စည်းခြင်းကို အတည်ပြုခြင်းတို့ဖြစ်သည်။

ဆုံးဖြတ်ခြင်းတစ်ရပ်မှာ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ အကျိုးတော်ဆောင်၊ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ဆရာတော် အစားထိုးရွေးချယ်ခြင်းကို နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်များ၏ ဆန္ဒကိုခံယူ၍ ရွေးချယ်တင်မြှောက်ရန် ဆုံးဖြတ်ခြင်းတို့ဖြစ်သည်။ (သတင်းစဉ်)

ရတနာသုံးပါးနှင့် အနန္တဂုဏ်အင် ကန်တော့ပွဲ ကျင်းပမည်

ရန်ကုန် မတ် ၂၂

ရတနာသုံးပါးနှင့်တကွ အနန္တဂုဏ်အင်ကျေးဇူးရှင်များအား (၃၁)ကြိမ်မြောက် ရည်စူးကန်တော့ပွဲအဖြစ် ရန်ကုန်အနောက်ပိုင်းခရိုင် ကမာရွတ်မြို့နယ် (၃)ရပ်ကွက် မြနန္ဒာလမ်း အမှတ်(၇)တွင် ကန်တော့ပွဲကျင်းပရေးကော်မတီက ကြီးမှူး၍ ဧပြီ ၂ရက် ညနေပိုင်းတွင် သုစိတ္တာရုံကျောင်းတိုက်၊ လယ်တီကမ္မဋ္ဌာန်းကျောင်းတိုက်၊ ဝေပုလ္လကျောင်းတိုက်နှင့် သာသနာ့ပါရဂူကျောင်းတိုက်တို့မှ ပင့်သံဃာတော် ၄၅ပါးတို့အား ဆွမ်းဆန်စိမ်းလောင်းလှူပြီးနောက် ပူဇော်ကန်တော့ပွဲ ကျင်းပခြင်း၊ ဧပြီ ၃ရက်တွင် ပင့်သံဃာတော်အပါး ၁၀၀အား နေ့ဆွမ်းဆက်ကပ်ခြင်း၊ ပရိသတ်များအား ညှော်ခံကျွေးမွေးခြင်းနှင့် တရားနာရေစက်ချခြင်းအစီအစဉ်များဖြင့် ကျင်းပမည်ဖြစ်ကြောင်းသိရသည်။ (က-ပ)

ဝန်ကြီး ဗိုလ်ချုပ်လှထွန်း ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာညီလာခံမှ ပြန်လည်ရောက်ရှိ

ရန်ကုန် မတ် ၂၂

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်း ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် အိန္ဒိယသမ္မတနိုင်ငံ နယူးဒေလီမြို့၌ မတ် ၁၆ရက်မှ ၁၈ရက်အထိ ကမ္ဘာ့ဘဏ်က ကြီးမှူးကျင်းပသည့် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန၊ သတင်းနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဗဟိုဘဏ်တို့နှင့် ဆက်နွှယ်ဆက်စပ်သော အစိုးရ၊ ပြည်သူ့ရေးရာအဖွဲ့အစည်းများနှင့် ဘဏ္ဍာရေးကဏ္ဍတို့တွင် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာများအသုံးချရန် အခွင့်အလမ်းများဆိုင်ရာညီလာခံသို့ တက်ရောက်ပြီး မတ် ၂၀ရက် နံနက် ၉နာရီတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိလာသည်။

အဆိုပါညီလာခံကို နယူးဒေလီမြို့ရှိ Taj Palace Hotel, Darbar Hall ၌ ကျင်းပရာ ကမ္ဘာ့ဘဏ်အဖွဲ့ဝင် ၆၆နိုင်ငံမှ ဘဏ္ဍာရေးဝန်ကြီးများ၊ ဗဟိုဘဏ်ဥက္ကဋ္ဌများ၊ ကိုယ်စားလှယ်အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများ၊ အစိုးရမဟုတ်သည့် အဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များနှင့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

မတ် ၁၆ရက် နံနက် ၉နာရီ ၁၅မိနစ်တွင် ကမ္ဘာ့ဘဏ်မှ Vice President and Treasurer Mr. Graeme Wheeler က နှုတ်ခွန်းဆက်စကားပြောကြားပြီး အိန္ဒိယသမ္မတနိုင်ငံ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီး Mr. Dayanidhi Maran က The Power of IT in public sector reform: challenges and opportunities ခေါင်းစဉ်ဖြင့် ရှင်းလင်းပြောကြားသည်။

မတ် ၁၈ရက်တွင် ဝန်ကြီး ဗိုလ်ချုပ်လှထွန်းနှင့် မြန်မာကိုယ်စားလှယ်အဖွဲ့ဝင်များသည် ကမ္ဘာ့ဘဏ်နှင့် နိုင်ငံတကာတွင် ဘဏ္ဍာရေးကဏ္ဍ၊ ပြည်သူ့ရေးရာကဏ္ဍတို့၌ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးဆိုင်ရာ နည်းပညာများ အသုံးချ၍ လုပ်ငန်းဆောင်ရွက်လျက်ရှိသည့် အခြေအနေများ ပြခန်းများကိုလေ့လာကြပြီး ကမ္ဘာ့ဘဏ်နှင့် နိုင်ငံတကာမှ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာဆိုင်ရာ အဖွဲ့အစည်းများမှ တာဝန်ခံများနှင့် အကျိုးတူ ပူးပေါင်းဆောင်ရွက်ရန်ကိစ္စရပ်များကို ဆွေးနွေးခဲ့သည်။

(သတင်းစဉ်)

စစ်ရေးပြ စစ်ကြောင်းကြီးများအတွက် သားငါးစည်သွတ်ဘူးများလှူဒါန်း

ရန်ကုန် မတ် ၂၂

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းသည် ယမန်နေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ ရွှေတိဂုံဘုရားလမ်းရှိ တပ်မတော်စစ်သမိုင်းပြတိုက်သို့ရောက်ရှိ၍ နှစ်(၆၀)ပြည့် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနား၌ ပါဝင်စစ်ရေးပြကြမည့် စစ်ကြောင်းကြီးများအတွက် ငွေကျပ် ၁၀သိန်းတန်ဖိုးရှိ သားငါးစည်သွတ်ဘူး ၅၀၀၀အား လှူဒါန်းသည်။

ထို့မှတစ်ဆင့် ဝန်ကြီးသည် စစ်သမိုင်းပြတိုက်တွင် တပ်မတော်နေ့၌ ခင်းကျင်းပြသမည့် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနပြကွင်း၊ ပြကွက်များကို ကြည့်ရှုစစ်ဆေးသည်။ (သတင်းစဉ်)

ပြည်ပနိုင်ငံများမှ ဘွဲ့ခံဆရာတော်ကြီးများ ရန်ကုန်မြို့သို့ ကြွရောက်တော်မူ

ရန်ကုန် မတ် ၂၂

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေရှိ မဟာပါသာဏလိုဏ်ဂူ သိမ်တော်ကြီး၌ တပေါင်းလပြည့်နေ့တွင် ကျင်းပမည့် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ပူဇော်ပွဲသို့ ကြွရောက်ကြမည့် အမေရိကန်နိုင်ငံ၊ သီရိလင်္ကာ ဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံ၊ ထိုင်းနိုင်ငံ၊ လာအိုပြည်သူ့ ဒီမိုကရက်တစ်သမ္မတနိုင်ငံ၊ ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံ၊ ကမ္ဘောဒီယားနိုင်ငံနှင့် အိန္ဒိယသမ္မတနိုင်ငံများမှ ပြည်ပဘွဲ့ခံ ဆရာတော် သံဃာတော် အရှင်သူမြတ်ရှစ်ပါးတို့သည် ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ရောက်ရှိတော်မူလာကြရာ သာသနာတော် ထွန်းကားပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒုတိယဗိုလ်မှူးကြီး မျိုးကျော်၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ဒုတိယ ပါမောက္ခချုပ်(စီမံ)ဒေါက်တာမြင့်ကြည်နှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများ၊ သာသနာရေးဝန်ကြီးဌာနအောက်ရှိ ဌာနများမှ ဝန်ထမ်းများက ဖူးမြော်ကြိုဆိုကြပြီး ခေတ္တသီတင်းသုံးမည့် ကျောင်းဆောင်များသို့ အခမ်းအနားဖြင့် ပင့်ဆောင်ကြသည်။

(သတင်းစဉ်)

ပအိုဝ်းဆရာတော်ကြီးများ ဂုဏ်ပြုပူဇော်ပွဲကျင်းပမည်

ရန်ကုန် မတ် ၂၂

သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် ချီးမြှင့်ခြင်းခံရသော ပအိုဝ်းဆရာတော်ကြီးများ ပူဇော်ပွဲကို ဗဟန်းမြို့နယ် အမှတ်(၃၈) ဗဟန်း(၁)လမ်းရှိ ပအိုဝ်းအမျိုးသားဓမ္မာရုံ၌ (တပေါင်းလပြည့်နေ့) မတ် ၂၄ ရက်တွင် ကျင်းပမည်ဖြစ်ရာ ပအိုဝ်းဒါယကာ၊ ဒါယိကာမများ တက်ရောက် ကြည်ညိုပူဇော်ကြရန် ဖိတ်ကြားထားကြောင်း သိရသည်။

(က-ပ)

ထူးခြားသည့် နေ့အပူချိန်များ

(၂၂-၃-၂၀၀၅)

မင်းဘူးနှင့် မကွေး

၄၂ ဒီဂရီစင်တီဂရိတ် (၁၀၈ ဒီဂရီဖာရင်ဟိုက်)

မိတ္ထီလာနှင့် မြင်းခြံ

၄၀ ဒီဂရီစင်တီဂရိတ် (၁၀၄ ဒီဂရီဖာရင်ဟိုက်)

စီးရီးအေဘောလုံးပြိုင်ပွဲ အေစီမီလန် ဦးဆောင်နေ

မီလန် မတ် ၂၂

အီတလီနိုင်ငံ ရောမမြို့ရှိ အိုလံပစ်အားကစားကွင်း၌ တနင်္ဂနွေနေ့ကကျင်းပသော စီးရီးအေဘောလုံးပြိုင်ပွဲ ပွဲစဉ်(၂၉)၌ အေစီမီလန်အသင်းက ရိုးမားအသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိလိုက်ရာ စီးရီးအေ အမှတ်ပေးဇယားထိပ်တွင် အေစီမီလန်အသင်းသည် ၆၆မှတ်ဖြင့် ဂျူဗင်တပ်စ်အသင်းနှင့် အမှတ်တူရပ်တည်လျက်ရှိသည်။

အေစီမီလန်အသင်းက ရိုးမားအသင်းကို အနိုင်ရရှိခြင်းမှာ စီးရီးအေတွင် ရှစ်ပွဲဆက်တိုက် အနိုင်ရခြင်းဖြစ်သည်။ ယခုနှစ်ဘောလုံးရာသီတွင် နောက်ထပ်ကိုးပွဲကစားရန် ကျန်ရှိနေပြီး အေစီမီလန်နှင့် ဂျူဗင်တပ်စ်တို့ ဆက်လက်၍ အကြိတ်အနယ် ယှဉ်ပြိုင်ကစားသွားရန် ရှိနေသည်။

စနေနေ့က ကျင်းပသောပွဲတွင် ဂျူဗင်တပ်စ်အသင်းက ရက်ဂျီနာအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိကာ ၆၆မှတ် ရရှိပြီဖြစ်ရာ အေစီမီလန်အသင်းမှာ ၎င်း၏နောက်မှ ကပ်လိုက်နေသော ဂျူဗင်တပ်စ်အသင်း၏ ဖိအားပေးမှုကို ခံနေရပြီဖြစ်သည်။ ဂျူဗင်တပ်စ်အသင်းသည် အေစီမီလန်အသင်းနည်းတူပင် ချန်ပီယံလိဂ် ကွာတားဖိုင်နယ်ပွဲသို့ တက်လှမ်းနိုင်ခဲ့သည်။

အေစီမီလန်-ရိုးမားပွဲတွင် ဒုတိယပိုင်းပြန်စပြီး ပွဲချိန် ၆၃မိနစ်၌ အာဂျင်တီးနားတိုက်စစ်မှူး ဟာနန်ခရက်စပိုက ခေါင်းတိုက်သွင်းယူခဲ့ခြင်းဖြင့် အဖွင့်ဂိုးရရှိခဲ့သည်။ ပွဲချိန် ၇၁မိနစ်တွင် အင်ဒရီယာပီယာလိုက ပိုင်နယ်တီမှတစ်ဆင့် ဂိုးသွင်းနိုင်ခဲ့ရာ အေစီမီလန်အသင်း ဒုတိယမြောက်ဂိုးရရှိခဲ့သည်။

ရိုးမားအသင်း၏နည်းပြသစ် ဘရူနိုကွန်တီသည် ၎င်း၏ပွဲဦးထွက်မှာပင် မျက်နှာပန်းမလှ ဖြစ်ခဲ့သည်။ ရိုးမားအသင်းမှ နောက်တန်းလူ ခရစ်တီယန်ပန်နူချီမှာ မိနစ် ၇၀ တွင် အထုတ်ခံခဲ့ရပြီး ယင်းနောက်တွင် အသင်းခေါင်းဆောင် ဖရန်ဆက်စကိုတော်တီမှာ အနီကတ်ပြခံရသည်။

ဂျူဗင်တပ်စ်-ရက်ဂျီနာ

ဂျူဗင်တပ်စ်အသင်းသည် ပထမအကျော့တွင် ရက်ဂျီနာအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် ရှုံးခဲ့သဖြင့် စနေနေ့က တူရင်တွင် ကျင်းပသောပွဲတွင် အနိုင်ရရှိရန် ကြိုးပမ်းခဲ့ပြီး တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသည်။ ဂျူဗင်တပ်စ်အတွက် တစ်လုံးတည်းသောအနိုင်ဂိုးကို ပွဲချိန် ၆၅မိနစ်တွင် အလက်ဇန်ဒရိုဒယ်လ်ပီယာရိုက သွင်းယူခဲ့သည်။

အင်တာမီလန်-ဖီအိုရင်တီးနား

တနင်္ဂနွေနေ့က ဆန်ဆီရို၌ကျင်းပသော အင်တာမီလန်နှင့် ဖီအိုရင်တီးနားပွဲတွင် အင်တာမီလန်က သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိကာ အမှတ်ပေးဇယား၌ တတိယနေရာတွင် ရှိနေပြီဖြစ်သည်။

အင်တာမီလန်သည် ပွဲစဉ် ၂၉ အပြီးတွင် အမှတ် ၅၀ ရရှိရာ အူဒီးနိစ်အသင်းထက် နှစ်မှတ်ပိုမိုရရှိနေသည်။ အူဒီးနိစ်အသင်းသည် လက်ချီအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး အမှတ်ပေးဇယား၌ ၄၈မှတ်ဖြင့် စတုတ္ထနေရာတွင် ရှိနေသည်။ **(အမ်အင်အေ၊ ရိုက်တာ)**

မတ် ၂၀ရက်ကကျင်းပသော စီးရီးအေဘောလုံးပွဲတွင် အေစီမီလန် ကွင်းလယ်ကစားသမား အင်ဒရီယာပီယာလိုက ရိုးမားဘက်သို့ ပိုင်နယ်တီဂိုး ကန်သွင်းစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ကျေးရွာတိုင်း ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ထူထောင်ဖို့ ဝိုင်းဝန်းကူညီဆောင်ရွက်စို့

၂၀၀၅ခုနှစ်၊ မတ်လ (၂၂)ရက်နေ့ထိ နိုင်ငံအဝန်းတွင်ကျေးရွာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်(၁၄၀၆၅)တိုက် ဖွင့်လှစ်ပြီးဖြစ်ပါသည်။

ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များအတွက် သုတ/ရသစာအုပ်များကို ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ခရိုင်/မြို့နယ်ရုံးများသို့ လှူဒါန်းနိုင်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန

အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့တွင် မတ် ၅ရက်မှ ၁၉ရက်အထိ ကျင်းပခဲ့သော Miss ASEAN 2005 ပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်ခဲ့သည့် မြန်မာနိုင်ငံကိုယ်စားပြု မအိရှုပါဝင်းသည် ပြိုင်ပွဲတွင် Miss Talent ဆု ဆွတ်ခူးရရှိပြီး မတ် ၂၂ရက် နံနက်က ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိလာရာ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် အထွေထွေအတွင်းရေးမှူး ဦးစိန်ဝင်းလှိုင်နှင့် တာဝန်ရှိသူများ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုကြစဉ်။ (ကုန်သည်၊ စက်မှု)

ပေးအပ်လှူဒါန်း

ရန်ကုန်မြို့ အလုံမြို့နယ် ရောဝတီလမ်း အမှတ်(၃၃)နေ ဦးဝင်းနိုင်-ဒေါ်သန်းညွှန့်ကြည် မိသားစုတို့က သုံးထပ် ဘိုးဘွားဆေးရုံသစ်ကြီး တည်ဆောက်ရန် ငွေကျပ်နှစ်သိန်းကို နှင်းဆီကုန်း ဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးသောင်းထွန်းထံ ပေးအပ်လှူဒါန်းစဉ်။

(က-ပ)

စီမံခန့်ခွဲမှု ဟောပြောပွဲ ကျင်းပ

ရန်ကုန် မတ် ၂၂

တူဒေးစာနယ်ဇင်း ထုတ်ဝေရေးလီမိတက်၏ စီစဉ်မှုဖြင့် Executive ဟောပြောပွဲကို မတ် ၁၉ရက် နံနက် ၉ နာရီတွင် ရန်ကုန်မြို့ရှိ Grand Plaza Parkroyal Ballroom ၌ ကျင်းပရာ ဦးရဲမြင့်(ရဲမြင့်-စွန့်ဦးတီထွင်)က ဟောပြောပြီး တက်ရောက်လာသူများ၏ မေးမြန်းချက်များကို ဖြေကြားသည်။

တူဒေးစာနယ်ဇင်း ထုတ်ဝေရေးလီမိတက်သည် Executive ဟောပြောဆွေးနွေးပွဲများကို ၂၀၀၃ခုနှစ်မှ စတင်စီစဉ်ကျင်းပလျက်ရှိရာ ယခုပွဲအပါအဝင် ကိုးကြိမ်ကျင်းပခဲ့ပြီး ဖြစ်သည်။

(က-ပ)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၃-၃-၂၀၀၅ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇:၀၀	၁။	မြဝတီအဖွင့်
၇:၀၅	၂။	အဖွင့်သီချင်း
၇:၁၀	၃။	မျိုးချစ်တပ်မတော်
၇:၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇:၄၀	၆။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅	၇။	ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
၈:၀၀	၈။	မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၅	၉။	အပိတ်နှုတ်ဆက်စကား
၈:၁၆	၁၀။	ပြီးပါပြီ။

ညပိုင်း

၄:၀၀	၁။	မြဝတီအဖွင့်
၄:၀၅	၂။	အဖွင့်သီချင်း
၄:၁၀	၃။	ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
၄:၁၅	၄။	လက်စွမ်းပြဟန်ဂီတသံ
၄:၂၅	၅။	အလွမ်းတေးပန်းချီချစ်သူဆီ
၄:၃၅	၆။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၄:၄၅	၇။	မျိုးချစ်တပ်မတော်
၅:၀၀	၈။	**အဝေးသင်တက္ကသိုလ် ပညာရေးပို့ချမှုအစီအစဉ် - Consignment Account (စီးပွားစီမံ၊ ဒုတိယနှစ်)**
၅:၃၀	၉။	မြတ်နိုးကြစေအမျိုးသားအမွေ
၅:၄၅	၁၀။	သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀	၁၁။	မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၁၂။	နိုင်ငံတကာသတင်း
၆:၂၀	၁၃။	မိုးလေဝသသတင်း
၆:၂၅	၁၄။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၄၀	၁၅။	လျှပ်တစ်ပြက်ရိုက်ချက်
၇:၀၀	၁၆။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ငယ်ချစ်ဦး" (အပိုင်း-၂၃)**
၈:၀၀	၁၇။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၈။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၁၉။	မြန်မာ့ရှုခင်း
	၂၀။	ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
	၂၁။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ပညာဉာဏ်ကြီး ဘုန်းမီးနေလ" (အပိုင်း-၂၈)**
	၂၂။	သင့်အတွက်မနက်ဖြန်
	၂၃။	အပိတ်နှုတ်ဆက်စကား
	၂၄။	ပြီးပါပြီ။

တပ်မတော်နေ့ စာပေအနုပညာ ပြိုင်ပွဲပြပွဲ ပြခန်းများ ကြည့်ရှုစစ်ဆေး

မတ် ၂၂ရက်က နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေး ဦးစီးချုပ်(ကြည်း) ဒုတိယ ဗိုလ် ချုပ် မှူး ကြီး မောင် အေး တပ်မတော်ခန်းမတွင် ပြသမည့် နှစ်(၆၀)ပြည့် တပ်မတော်နေ့ အထိမ်းအမှတ် စာပေအနုပညာ ပြိုင်ပွဲပြပွဲ ပြခန်းများကို ကြည့်ရှု စစ်ဆေးစဉ်။ (သတင်း–ရှေ့ဖုံး) (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ပါကစ္စတန် အမျိုးသားနေ့ သဝဏ်လွှာပေးပို့

ရန်ကုန် မတ် ၂၃

၂၀၀၅ခုနှစ် မတ် ၂၃ရက်တွင် ကျရောက်သော ပါကစ္စတန် အစ္စလာမ်မစ်သမ္မတနိုင်ငံ၏ နှစ်ပတ်လည်အမျိုးသားနေ့ အခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းထံမှ ပါကစ္စတန် အစ္စလာမ်မစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာရှောကတ်အဇစ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

ခေါင်းကြီး၊ ကာတွန်း၊ ဆောင်းပါးအညွှန်း

နှစ်(၆၀)ပြည့် တပ်မတော်နေ့ ဂုဏ်ပြုကြိုဆို

* *မြန်မာ့စွမ်းရည် ကမ္ဘာတည်သရွေ့*

စောငယ်ငယ်(မိုးညှင်း)၏(ကဗျာ) (စာမျက်နှာ–၄)

* ***လွတ်လပ်ရေးနဲ့ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲအောင် ကာကွယ်စောင့်ရှောက်နိုင်ဖို့ ဘာတွေလိုအပ်သလဲ***

ပြည်ထွန်း၏(ကာတွန်း) (စာမျက်နှာ–၄)

* ***မြန်မာ့လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာပိုင်ဆိုင်မှုကို ပြည်သူတို့နှင့်အတူ ရယူပေးခဲ့သည့် အမျိုးသားတပ်မတော်ကြီး တည်ရှိနေသမျှ ကာလပတ်လုံး မြန်မာ့လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာပိုင်ဆိုင်မှု၊ နိုင်ငံတော်၏ ပိုင်နက်နယ်မြေတည်တံ့ခိုင်မြဲမှုနှင့်တိုင်းရင်းသား ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ် လုံခြုံမှုတို့ အစဉ်ရှိနေမည်ဖြစ်သည်။***

မြင့်ဝေလှိုင်၏(ဆောင်းပါး) (စာမျက်နှာ ၈–၉)

အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းများအတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့် စပ်လျဉ်း၍ အစုအဖွဲ့ကိုယ်စားလှယ်များ ဆွေးနွေးအကြံပြုချက်စာတမ်းများ ဖတ်ကြား

ရန်ကုန် မတ် ၂၂

အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို ယနေ့နံနက် ၉နာရီတွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ ဆက်လက်ကျင်းပရာ အမျိုးသားညီလာခံ၌ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းများအတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့် စပ်လျဉ်း၍ ကိုယ်စားလှယ်အစုအဖွဲ့များမှ ကိုယ်စားလှယ်များက ဆွေးနွေးအကြံပြုချက်စာတမ်းများကို ဖတ်ကြားတင်ပြကြသည်။

အဆိုပါ အမျိုးသားညီလာခံစုံညီ အစည်းအဝေးသို့ အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်နှင့် ကော်မရှင်အဖွဲ့ဝင်များ၊ အမျိုးသား ညီလာခံကျင်းပရေး လုပ်ငန်းကော်မတီ **စာမျက်နှာ ၆ ကော်လံ ၁ သို့** ❀

အမျိုးသားညီလာခံကျင်းပရေး ကော်မရှင်ဥက္ကဋ္ဌနိုင်ငံတော်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် အစည်းအဝေးတက်ရောက်ကြောင်း မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးစဉ်။(သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ✻ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✻ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✻ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✻ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ✻ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ✻ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ✻ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✻ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✻ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✻ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

လွတ်လပ်ရေးကို မဖြစ်မနေရယူလိုသော မျိုးချစ်စိတ်ဓာတ်တို့ကား တပ်မတော်အတွင်း တစ်စတစ်စ ကြီးထွားလာခဲ့သည်။ ၎င်းကို ဖက်ဆစ်တို့က ရိပ်စားမိသဖြင့် ဗမာ့ကာကွယ်ရေးတပ်မတော်မှ အရာရှိများကိုပင် အကွက်ဆင်၍ ဖမ်းဆီးနှိပ်စက်လေတော့သည်။ ထိုကာလအတွင်း ဖက်ဆစ်တို့၏ လှံ့စွပ်အောက်တွင် အသက်ဆုံးရှုံးခဲ့ရသော တပ်မတော်သားများနှင့် တိုင်းရင်းသား ပြည်သူများ၏ အရေအတွက်လည်း တဖြည်းဖြည်းများလာခဲ့သည်။

ဖက်ဆစ်တို့၏ ရက်စက်မှုများကိုတိုင်းရင်းသားပြည်သူများ မျက်ဝါးထင်ထင် တွေ့မြင်လာသောအခါ တိုင်းရင်းသားပြည်သူများသည် တပ်မတော်နှင့်လက်တွဲ၍ ဖက်ဆစ်တို့ကို တွန်းလှန်ရန် ပြင်ဆင်တော့သည်။ ထိုအချိန်တွင် နိုင်ငံရေးအရ လက်ဝဲလက်ယာ အယူကွဲနေကြသော နိုင်ငံရေးပါတီများဖြစ်သည့် ပြည်သူ့အရေးတော်ပုံပါတီနှင့် ကွန်မြူနစ် ပါတီတို့ကလည်း ဖက်ဆစ်တိုက်ဖျက်ရေး ပြည်သူ့အဖွဲ့ချုပ် ဖွဲ့စည်းပြီးတပ်မတော်နှင့် အတူ ပူးပေါင်းလျက် ဖက်ဆစ်တို့ကို တွန်းလှန်ရန် စီစဉ်ခဲ့သည်။

ဖက်ဆစ်တို့အား မြန်မာ့မြေပေါ်က ဖယ်ရှားတိုက်ထုတ်ပစ်ရန်အတွက် ဖက်ဆစ်တော်လှန်ရေး စတင်ဆင်နွှဲရန် မြန်မာ့တပ်မတော်သားများ စစ်ချီထွက်ခွာကြစဉ်။

လွတ်လပ်ရေးကြိုးပမ်းမှုနှင့်အတူ ပေါ်ပေါက်လာသော မြန်မာ့တပ်မတော်

မြင့်ဝေလှိုင်

ထို့နောက် ၁၉၄၅ခုနှစ် မတ်လ ၁ရက်နေ့မှ ၃ရက်နေ့အထိ ကျင်းပသော ဖက်ဆစ်တော်လှန်ရေးနှင့်ပတ်သက်သည့် အစည်းအဝေးတစ်ရပ်က “ဖက်ဆစ်တိုက်ဖျက်ရေးပြည်သူ့အဖွဲ့ချုပ်”ကို “ဖက်ဆစ်တိုက်ဖျက်ရေး ပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ်” ဟု ပြင်ဆင်ဖွဲ့စည်းလိုက်ပြီး ဖက်ဆစ်တော်လှန်ရေး ဆင်နွှဲရန် စစ်တိုင်းများခွဲခြင်း၊ စစ်နယ်မြေများသတ်မှတ်ခြင်း၊ စစ်ရေးနှင့် နိုင်ငံရေး ခေါင်းဆောင်များ ရွေးချယ်ခြင်းစသည်တို့ကို ဆွေးနွေးဆုံးဖြတ်ခဲ့ကြသည်။

ဖက်ဆစ်တော်လှန်ရေးဆင်နွှဲရန် စစ်တိုင်းကြီးများအဖြစ် ပြည်၊သာယာဝတီ၊ အင်းစိန်ဒေသအား တိုင်း(၁)ဟူ၍လည်းကောင်း၊ ဟံသာဝတီ၊ ဖျာပုံ၊ မအူပင်ဒေသအား တိုင်း(၂) ဟူ၍ လည်းကောင်း၊ ပုသိမ်၊ ဟင်္သာတ၊ မြောင်းမြဒေသအား တိုင်း(၃) ဟူ၍ လည်းကောင်း၊ ပဲခူး၊ ရွှေကျင်၊ သထုံဒေသအား တိုင်း(၄)ဟူ၍ လည်းကောင်း၊ မော်လမြိုင်၊ ထားဝယ်၊ မြိတ်ဒေသအား တိုင်း(၅) ဟူ၍ လည်းကောင်း၊ ပျဉ်းမနား၊ တောင်ငူ၊ ရှမ်းပြည်နယ်(တောင်ပိုင်း)ဒေသအား တိုင်း(၆)ဟူ၍ လည်းကောင်း၊ သရက်၊ အာလံ၊ မကွေး၊ မင်းဘူးဒေသအား တိုင်း(၇)ဟူ၍ လည်းကောင်း သတ်မှတ်ဖွဲ့စည်းခဲ့သည်။

မြန်မာ့လွတ်လပ်ရေးကို ရယူရန်အတွက် ဖက်ဆစ်တို့ကို တော်လှန်ရာတွင် ဒေသတစ်ခုချင်းစီက ရှိသည့်အင်အား၊ ရှိသည့်လက်နက်ဖြင့် သင့်ရာအချိန်တွင် ထကြွတိုက်ခိုက်နေမည့်အစား တိုင်းရင်းသားအားလုံး တစုတစည်းတည်းဖြင့် နေရာဒေသအသီးသီးတွင် တစ်ချိန်တည်းတစ်ပြိုင်တည်း တော်လှန်တိုက်ခိုက်ခြင်းက ထိရောက်အောင်မြင်မှုရှိသည်ကို ရှေးခေတ် မြန်မာ့သမိုင်းအရ သိရှိပြီးဖြစ်သည်။ ထို့ကြောင့် ၁၉၄၅ ခုနှစ် မတ်လ ၂၇ ရက်နေ့တွင် တစ်ချိန်တည်းတစ်ပြိုင်တည်း တိုင်းပြည်နှင့်အဝန်း ဒေသအသီးသီးတွင် ဖက်ဆစ်တော်လှန်ရေးကို စတင်ခဲ့တော့သည်။

ဖက်ဆစ်တော်လှန်ရေးတွင် မြန်မာ့တပ်မတော်နှင့်အတူ တိုင်းရင်းသားပြည်သူများ၊ မျိုးချစ်ပြောက်ကျားများသည် အသက်ကို ပဓာနမထားဘဲ ဖက်ဆစ်တို့ကို တော်လှန်တိုက်ခိုက်ခဲ့ကြသည်။ တော်လှန်ရေးကာလတစ်လျှောက်လုံးတွင် မြန်မာ့တပ်မတော်နှင့် အတူ တိုင်းရင်းသား ပြည်သူတို့ အသက်ပေါင်းများစွာ ပေးလှူခဲ့ကြရသည်။ တပ်မတော်နှင့်ပြည်သူ ပူးပေါင်းဆောင်ရွက်မှုကြောင့် အောင်ပွဲများ ဆက်တိုက်ရရှိခဲ့သည်။

လွတ်လပ်ရေးအတွက် မြန်မာ့တပ်မတော်၏ ခံယူချက်နှင့် စပ်လျဉ်း၍ ကမ္ဘာကသိစေရန် ၁၉၄၅